# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


### ပညာရှိသူနှင့် ပညာမရှိသောသူ

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)


၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် အင်္ဂါနေ့။ Tuesday, 10 March 2026 ၁၂၁၁၇


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

### ယနေ့ဖတ်စရာ


၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်စီမံကိန်း ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

စာမျက်နှာ » ၄

၂၀၂၆ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထု အရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

စာမျက်နှာ » ၅

စက်သုံးဆီအရေး စုံ နှင့် မ အတိအကျလိုက်နာခြင်းဖြင့် နိုင်ငံကြီးသားပီသကြောင်း သက်သေပြပါ

ဆောင်းပါး စာမျက်နှာ » ၆

မိုဘိုင်းဖုန်းတစ်လုံးတွင် ပါဝင်သည့် IMEI ၏ အရေးပါမှုများ

ဆောင်းပါး စာမျက်နှာ » ၉


## လန်ပိအမျိုးသားအဏ္ဏဝါဥယျာဉ်၏ ဝါးအလယ်ကျွန်းသို့ ဥရောပနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသွားများ အများဆုံးဝင်ရောက်လည်ပတ်



လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အနီး ကျောက်ဆောင်များ ကမ်းတိမ်ပိုင်းတွင် ကယက်လှေစီး၍ အပန်းဖြေနေကြသူများကို တွေ့ရစဉ်။

ရန်ကုန် မတ် ၉

သဘာဝ ပတ်ဝန်းကျင်ကို အပြည့်အဝထိန်းသိမ်းထားသည့် တနင်္သာရီတိုင်းဒေသကြီး လန်ပိကျွန်း အမျိုးသားဥယျာဉ်၏ ဝါးအလယ်ကျွန်း အပန်းဖြေစခန်းသို့ ယခုနှစ် ခရီးသွားရာသီတွင် အာရှနိုင်ငံများထက် ဥရောပနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသွားများ အများဆုံး ဝင်ရောက်လျက်ရှိကြောင်း ဝါးအလယ်ကျွန်း အပန်းဖြေစခန်းမှ သိရသည်။

**ကြည့်ရှုလေ့လာ**

လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်၏ ဝါးအလယ်ကျွန်းသို့ နိုင်ငံခြားသား ခရီးသွားများ အနေဖြင့် ငါးရက်မှ နှစ်ပတ်အထိ အပန်းဖြေလည်ပတ်ကြလေ့ရှိပြီး ဒီရေတောအတွင်း ကယက်လှေဖြင့် လှည့်လည်ကြည့်ရှုခြင်း၊ သစ်တောအတွင်း လမ်းလျှောက်၍ ဂေဟာစနစ်များကို ကြည့်ရှုလေ့လာခြင်း၊ တောင်ပေါ်တက်၍ သဘာဝအလှကို ကြည့်ရှုခြင်း၊ ရှားပါးတောရိုင်းတိရစ္ဆာန်များကို ကြည့်ရှုခြင်း၊ ပင်လယ်သန္တာကျောက်တန်းများ၏ ရေအောက်အလှကို ကြည့်ရှုလေ့လာခြင်း၊ ရေကူးခြင်း၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂





ကြေးမုံ

# ရေကြောင်းစွမ်းအားကိုပိုမိုမြှင့်တင် နိုင်ငံဖွံ့ဖြိုးမှုကိုအထောက်အကူပြု

မြန်မာနိုင်ငံသည် ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်များ ပိုင်ဆိုင်ထားသည်။ မြန်မာနိုင်ငံ၏ ရေကြောင်းအကျိုးစီးပွားများသည် ပိုင်နက်ပင်လယ်ပြင်တွင်သာမက သီးသန့်စီးပွားရေးဇုန်ဖြစ်သည့် ကမ်းလွန်ပင်လယ်ပြင်အထိ ကျယ်ပြန့်စွာတည်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်ကြီးသည် ကုန်သွယ်ရေကြောင်းသင်္ဘောကြီးများ ဖြတ်သန်းသွားလာနေသည့် အဓိကရေလမ်းကြောင်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်သင်္ဘောကြီးများ ဝင်ထွက်ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းကောင်းများနှင့် ရေနက်ဆိပ်ကမ်းများရှိခြင်းကြောင့် နိုင်ငံအတွက် အလွန်အရေးပါသည့် ရေကြောင်းအကျိုးစီးပွားများ ပိုင်ဆိုင်ထားသည်။

တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို တပ်မတော် (ရေ)က အထောက်အကူများစွာဖြစ်စေသည့်အပြင် မြန်မာ့ရေပြင်ပိုင်နက် စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် ရေကြောင်းအကျိုးစီးပွားများဖြစ်သည့် ပင်လယ်ပြင်မှ စွမ်းအင်အကျိုးစီးပွားများ၊ ငါးသယံဇာတများ၊ ပင်လယ်ပြင်ဆက်သွယ်ရေးလမ်းကြောင်းကြီးများ၊ ရေကြောင်းကုန်သွယ်မှုများနှင့် ရေနက်ဆိပ်ကမ်းကြီးများအား အမျိုးသားအကျိုးစီးပွားအတွက် ထိရောက်စွာအသုံးချနိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်(ရေ)ကို ထူထောင်ထားသည်။

ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းဖွင့်ပွဲနှင့် တပ်မတော်(ရေ)စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို မတ် ၈ ရက်က ရန်ကုန်မြို့ရှိ ရေတပ်ဆိပ်ခံတံတား၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားခဲ့ရာတွင် "ရေယာဉ်ဗိသုကာနှင့် ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် တပ်မတော်(ရေ)မျိုးဆက်သစ်အရာရှိ၊ စစ်သည်များကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရန်၊ မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများကာကွယ်ရေးအတွက် ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ရင်း တပ်မတော်၏ ကောင်းမြတ်သည့်အစဉ်အလာများကို အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်သွားကြရန်" တိုက်တွန်းပြောကြားခဲ့သည်။

တပ်မတော်(ရေ)သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် တပ်မတော်ကြီးကို အထောက်အကူပြုလျက်ရှိသလို အနာဂတ်တွင် တပ်မတော်(ရေ)အတွက် လိုအပ်သည့် စစ်ရေယာဉ်များ ကိုယ်တိုင်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းအပြင် နိုင်ငံတော်၏ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ရန်အတွက် အရပ်ဘက်ကုန်တင်ရေယာဉ်ကြီးများ တည်ဆောက်ပြုပြင်နိုင်သည်အထိ ရေလုံသင်္ဘောကျင်းကြီး တည်ဆောက်ရေးကို စီစဉ်ဆောင်ရွက်ခဲ့သည်။ ရေယာဉ်တည်ဆောက်ရေးတွင် အရွယ်အစားကြီးမားသည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ပြည်တွင်း၌ပင် ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားနှင့် ရေကြောင်းစွမ်းအားတို့ကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။

တပ်မတော်(ရေ)အတွက်သာမက မြန်မာနိုင်ငံအတွက်ပါ စွမ်းဆောင်ရည်အရလည်းကောင်း၊ အရွယ်အစားအရ လည်းကောင်း အကြီးမားဆုံးဖြစ်လာမည့် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းကြီးကို အောင်မြင်စွာတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။ ယခုဖွင့်လှစ်ခဲ့သည့် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းတွင် ပထမဆုံး စတင်တည်ဆောက်မည့် စစ်ရေယာဉ်များ၏ ရေခင်းမင်္ဂလာအခမ်းအနားအပါအဝင် တပ်မတော်(ရေ)တွင် တည်ဆောက်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ် (သာလွန်မင်း)နှင့် မြစ်တွင်းသွား ဘက်စုံသုံးစစ်ရေယာဉ်များကိုလည်း တပ်တော်ဝင်နိုင်ခဲ့သဖြင့် တပ်မတော်အတွက် သမိုင်းဝင်ဂုဏ်ယူဖွယ်ရာ ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ ရေတပ်သင်္ဘောကျင်းကို တည်ဆောက်နိုင်ခဲ့သဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကို အထောက်အကူပြုသလို မြန်မာ့ရေပြင်စိုးမိုးလုံခြုံရေးအတွက်လည်း ကောင်းမွန်စေခဲ့သည်။

သို့ဖြစ်ရာ ရေတပ်သင်္ဘောကျင်းဌာနချုပ် ရေလုံလွှန်းကျင်းကြီးသည် နိုင်ငံတကာအဆင့်မီ သင်္ဘောကျင်းကြီးဖြစ်သည့်အတွက် စစ်ရေယာဉ်များ၊ ဌာနဆိုင်ရာပုဂ္ဂလိကရေယာဉ်များ တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့်အပြင် အရွယ်အစားကြီးမားသော ရေယာဉ်ကြီးများ၊ ကုန်သွယ်ရေယာဉ်များ တည်ဆောက်ခြင်း သို့မဟုတ် လွှန်းတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နိုင်ပြီဖြစ်သည်။ တပ်မတော်(ရေ)၏ စွမ်းဆောင်မှုဖြင့် နိုင်ငံတကာအဆင့်မီ ရေတပ်သင်္ဘောကြီးများ တည်ဆောက်ပြုပြင်ရေးအပြင် နိုင်ငံ့ရေကြောင်းအကျိုးစီးပွားနှင့် နိုင်ငံ့ရေကြောင်းစွမ်းအားတို့ကို ပိုမိုမြှင့်တင် ဆောင်ရွက်နိုင်ပြီဖြစ်သောကြောင့် နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်(ရေ)က များစွာအထောက်အကူပြုလျက်ရှိပါကြောင်း။ ။

## ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ရွေးကောက်ပွဲကန့်ကွက်လွှာအမှု နှစ်မှုကို ရွေးကောက်ပွဲခုံအဖွဲ့ (၁) နှင့် ရွေးကောက်ပွဲခုံအဖွဲ့ (၂) တို့ဖြင့် စတင်ကြားနာစစ်ဆေး

နေပြည်တော် မတ် ၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်လည်းကောင်း၊ အပိုင်း (၂) ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင်လည်းကောင်း၊ အပိုင်း(၃)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင်လည်းကောင်း အောင်မြင်စွာ ကျင်းပပေးခဲ့ပြီး ၂၀၂၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ အပိုင်း (၁) နှင့် အပိုင်း (၂) အတွက် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၇၊ ပုဒ်မ ၆၈ နှင့် နည်းဥပဒေ ၁၁၂ တို့အရ တင်သွင်းလာသည့် ကန့်ကွက်လွှာအမှု နှစ်မှုကို ယနေ့ စတင်ကြားနာစစ်ဆေးသည်။

ယင်းအမှုများကို ကြားနာစစ်ဆေးနိုင်ရန် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၉ (က) (၁) အရ ၂၃-၂-၂၀၂၆ ရက်စွဲပါ အမိန့်အမှတ်၊ ၁/၂၀၂၆ နှင့် အမိန့်အမှတ်၊ ၂/၂၀၂၆ တို့ဖြင့် ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ကျန်ကော်မရှင်အဖွဲ့ဝင် နှစ်ဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၁) နှင့် ရွေးကောက်ပွဲခုံအဖွဲ့(၂)တို့ကို ဖွဲ့စည်းခဲ့သည်။

ယနေ့တွင် ရွေးကောက်ပွဲခုံအဖွဲ့ (၁) က ကန့်ကွက်လွှာအမှုအမှတ် (၁/၂၀၂၅)၊ လျှောက်ထားသူ ဒေါက်တာကောင်းထက်ခိုင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) နှင့် လျှောက်ထားခံရသူ ဦးပေါင်ဇလန်း (ဇိုမီးအမျိုးသားပါတီ) အမှုကိုလည်းကောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့(၂)က ကန့်ကွက်လွှာအမှုအမှတ် (၂/၂၀၂၅)၊ လျှောက်ထားသူ ဦးဝင်းကြူ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)နှင့် လျှောက်ထားခံရသူ ဦးခိုင်ဦး (ပြည်သူ့ပါတီ) အမှုကိုလည်းကောင်း စတင်ကြားနာစစ်ဆေးကြောင်း သိရသည်။

သတင်းစဉ်

## ဟသ်ာတခရိုင် ပြည်သူ့ဆေးရုံကြီး၌ သက်ကြီးရွယ်အိုများအား သွားတု(အံကပ်)တပ်ဆင်ပေးခြင်းနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အထူးခွဲစိတ်ကုသခြင်းများ ဆောင်ရွက်ပေး

ဟသ်ာတ မတ် ၉

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ပန်းဘဲတန်းရပ်ကွက်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်ပံ့ပိုးမှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဟသ်ာတခရိုင်အတွင်းရှိ သက်ကြီးရွယ်အိုများအား သွားတု(အံကပ်) တပ်ဆင်ပေးခြင်းနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများကို ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဖြိုးဝေဝင်း ဦးဆောင်၍ သက်ဆိုင်ရာအထူးကုများ၊ တာဝန်ခံဆရာဝန်များ၊ သူနာပြုများက သက်ကြီးရွယ်အိုများအား သွားတု၊ အံကပ်တပ်ဆင်ပေးခြင်းကို အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၅ ဦးတို့နှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၃၉ ဦးတို့အား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ၉ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၃ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၀,၅၀၀ | ၂,၁၉၀ | ၂၁,၉၇၈,၀၀၀ |
| MTSH | ၅,၈၀၀ | ၆,၀၀၀ | ၂,၄၂၂ | ၁၄,၀၈၂,၅၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၂၀၃ | ၁,၇၂၅,၅၀၀ |
| FPB | ၃,၄၅၀ | ၃,၄၅၀ | ၅,၇၉၆ | ၁၉,၉၈၈,၆၅၀ |
| TMH | ၃,၀၅၀ | ၃,၁၅၀ | ၆၀၅ | ၁,၈၄၆,၇၅၀ |
| EFR | ၁,၇၀၀ | ၁,၆၅၀ | ၄,၈၀၂ | ၇,၉၂၉,၈၅၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၃၅၅ | ၁,၄၂၀,၀၀၀ |
| MAEX | ၃,၃၅၀ | ၃,၄၅၀ | ၆၇၈ | ၂,၃၁၁,၄၀၀ |
| MADPL(PLB) | ၂,၈၅၀ | ၂,၉၀၀ | ၁,၁၆၉ | ၃,၃၃၅,၁၀၀ |
| ASPGB(PLB) | ၃၉,၅၀၀ | ၃၈,၀၀၀ | ၆ | ၂၃၅,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ



**နေပြည်တော် မတ် ၉**

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများက စာမေးပွဲဖြေဆိုနေသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် ၁၂၆ ဦး ပါဝင်ယှဉ်ပြိုင် ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ငူတပ်နယ် ကွပ်ကဲမှုအောက် တပ်ရင်း / တပ်ဖွဲ့များမှ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်



**နေပြည်တော် မတ် ၉**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ငူတပ်နယ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေး လိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြော အခြေခံ/အဆင့်မြင့်သင်တန်း၊ ကွန်ပျူတာအခြေခံ သင်တန်းနှင့် မြန်မာ့သိုင်းအခြေခံသင်တန်းများ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါသင်တန်းများတွင် နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား သင်တန်းသူ ၆၇ ဦး၊ အင်္ဂလိပ်စကားပြော(အခြေခံ/အဆင့်မြင့်)သင်တန်းကို သင်တန်းသား သင်တန်းသူ ၅၁ ဦး၊ ကွန်ပျူတာအခြေခံသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၈ ဦး၊ မြန်မာ့သိုင်းအခြေခံသင်တန်းကို သင်တန်းသား သင်တန်းသူ ၅၅ ဦးတို့ဖြင့် ဧပြီ ၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သတင်းမီဒီယာသင်တန်း အမှတ်စဉ်(၆) ဖွင့်ပွဲ ကျင်းပ



**ရန်ကုန် မတ် ၉**

မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီ၏ သတင်းမီဒီယာ သင်တန်း အမှတ်စဉ်(၆)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီရုံး သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ် အမှုဆောင်များ၊ ကောင်စီဝင်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

**ပြောကြား**

အခမ်းအနားတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အမှာစကားပြောကြားပြီးသတင်းမီဒီယာ ကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ခေါင်းဆောင် ဦးခင်မောင်ကျော်ဒင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား စုစုပေါင်း ၃၉ ဦး တက်ရောက်ပြီး သင်တန်းကို မတ် ၉ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ English for journalism Media Ethic၊ မီဒီယာနှင့် လျှပ်စစ်ဆိုင်ရာဘာသာရပ်၊ News Translation၊ နိုင်ငံတကာနှင့် မီဒီယာ၊ မီဒီယာသမားများ သိသင့်သိထိုက်သော ဥပဒေများ၊ Media Diplomacy၊ မီဒီယာနှင့်လူ့အခွင့်အရေး စသည့်ဘာသာရပ်များကို ပြင်ပပညာရှင်များ၊ ဌာနဆိုင်ရာမှ ကျွမ်းကျင်သူများနှင့် ကောင်စီဝင် ဆရာများက သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

**❂ ရှေ့ဖုံးမှ**

သောင်ပြင်မွမွတွင် လမ်းလျှောက်ခြင်း၊ ဆည်းဆာအလှကို ကြည့်ရှုခံစားခြင်းနှင့် ဆလုံ(မော်ကင်း) တိုင်းရင်းသားတို့၏ လူနေမှုဘဝတို့ကို လေ့လာလည်ပတ်ကြလေ့ရှိသည်။

“ဝါးအလယ်ကျွန်း အပန်းဖြေစခန်းကို စတင်တည်ဆောက်စဉ် ကတည်းက သဘာဝပတ်ဝန်းကျင် ဂေဟစနစ် ထိခိုက်မှုမရှိအောင် အခိုင်အခံ့နဲ့ တည်ဆောက်ခဲ့တာ တစ်ခုမှမရှိပါဘူး။ သစ်ဟောင်း၊ ဝါးဟောင်းနဲ့ပဲ တည်ဆောက်ထားပြီး ရေခဲသေတ္တာ၊ အဲကွန်း မရှိပါဘူး။ လိပ်တွေဆိုရင် နှစ်တိုင်း သောင်ပြင်တက်ပြီး ဥချတဲ့အတွက် ကောင်ရေတိုးလာပါတယ်။ လန်ပိကျွန်းတစ်ခုလုံးလှတယ်။ ဇီဝမျိုးစုံမျိုးကွဲနဲ့ သတ္တဗေဒ၊ ရုက္ခဗေဒစုံတဲ့အတွက် နိုင်ငံခြားသားတွေက ဂေဟစနစ် ထိခိုက်မှုမရှိတဲ့ ကျွန်းအဖြစ် လက်ခံတဲ့အတွက် လာရောက်



ဝါးအလယ်ကျွန်း၏ ဒီရေသစ်တောအတွင်း ကယက်လှေစီး လေ့လာနေကြစဉ်။

လည်ပတ်ကြတာပါ။ အထူးသဖြင့် သစ်တော၊ အဏ္ဏဝါနဲ့ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတဲ့ ဥရောပက နိုင်ငံခြားသားတွေ အများဆုံး လာရောက်လည်ပတ်ကြပါတယ်။ ဝါးအလယ်ကျွန်းကို သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးတဲ့ နိုင်ငံခြားသားခရီးသွားတွေပဲ လာရောက်တာဖြစ်တဲ့အတွက် လူဦးရေကန့်သတ်ထားပြီး အခန်းလည်း နည်းပါတယ်။ ဒီနှစ်ခရီးသွားရာသီမှာ ဧပြီလအထိနိုင်ငံခြားခရီးသွားတွေရှိနေပါတယ်”ဟု ဝါးအလယ်ကျွန်းအပန်းဖြေစခန်းမှ အထွေထွေမန်နေဂျာ ဦးအောင်ဇင်လတ်က ပြောသည်။

နှစ်စဉ်ခရီးသွားရာသီ၌ ဝါးအလယ်ကျွန်း အပန်းဖြေ ခရီးစဉ်ကို အောက်တိုဘာလတွင် ခရီးသွားစတင်လက်ခံလေ့ရှိပြီး ယခုနှစ်ခရီးသွားရာသီ၌ ရာသီဥတုအခြေအနေကြောင့် နိုဝင်ဘာလတွင် ခရီးသွားဝန်ဆောင်မှုစတင်ခဲ့ကာ ရုရှားမှခရီးသွား အများဆုံးဝင်ရောက်ခဲ့သည်။ ဝါးအလယ်ကျွန်းတွင် အခန်း ၄၀ ခန့် ထားရှိပြီး နှစ်ယောက်ခန်းတစ်ခန်းလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ ဖြင့် ဝန်ဆောင်မှုပေးကာ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် ခရီးသွားဦးရေကို ကန့်သတ်ထားသည်။

ယခုနှစ်ခရီးသွားရာသီ၌ ဝါးအလယ်ကျွန်းသို့ အာရှမှ နိုင်ငံခြားသားခရီးသွားထက်ဥရောပမှနိုင်ငံခြားသားခရီးသွားများ အများဆုံး ဝင်ရောက်အပန်းဖြေလျက်ရှိပြီး အင်းလေး၊ ပုပ္ပားနှင့် ပုဂံသို့ လည်ပတ်ပြီးပါက ဝါးအလယ်ကျွန်းတွင် အပန်းဖြေ အနားယူကာ ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်ထွက်ခွာလေ့ရှိကာ အချို့ခရီးသွားများက ထိုင်းနိုင်ငံ ရနောင်းမှတိုက်ရိုက်လာရောက်လည်ပတ်လေ့ရှိသည်။ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်တွင် တည်ရှိသည့် ဝါးအလယ်ကျွန်းသည် ပင်လယ်ပြင် သဘာဝရှုခင်းအလှများ၊ ကုန်းနေ/ရေနေ ရှားပါးမျိုးစိတ်များနှင့် ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝမှုတို့ကြောင့် နိုင်ငံခြားသားခရီးသွားများ အထူးစိတ်ဝင်စားကာ နှစ်စဉ်လာရောက်လည်ပတ်လျက်ရှိရာ အဆိုပါ ခရီးသွားများမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ထားသည့် လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်၏ ဂုဏ်ကို ကမ္ဘာသို့ သင်းပျံ့စေလျက်ရှိကြောင်း သိရသည်။

**ဥသ**

**ဓာတ်ပုံ – ကိုလွင်**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်စီမံကိန်းဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် မတ် ၉

၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်စီမံကိန်း ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီး ဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုရွေးချယ်ခံရ သည့် လူရည်ချွန်များကိုလည်း သတင်းစာများတွင် နာမည်အလိုက် ထည့်သွင်းကြေညာထားပြီးဖြစ်ပါ ကြောင်း၊ လူရည်ချွန်များရွေးချယ်ရာ၌ အခြေခံပညာ နှင့် အဆင့်မြင့်ပညာကဏ္ဍများတွင် ရွေးချယ်ခဲ့ပါ ကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နဝမတန်း ကျောင်းသား ကျောင်းသူ ၉၆ ဦး၊ ဒသမတန်း ကျောင်းသား ကျောင်းသူ ၁၃၂ ဦး၊ ဧကာဒသမတန်း ကျောင်းသားကျောင်းသူ ၁၃၃ ဦး၊ ဒွါဒသမတန်း ကျောင်းသား ကျောင်းသူ ၉၉ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၆၀ ကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ အဆင့်မြင့်ပညာ ဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ ပထမနှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူ ၁၄၈ ဦး နှင့် ဒုတိယနှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူ ၁၄၃ ဦး စုစုပေါင်း လူရည်ချွန် ကျောင်းသား ကျောင်းသူ ၂၉၁ ဦးတို့ကို သတင်းစာတွင် ဆက်လက်ထုတ်ပြန် လျက်ရှိပါကြောင်း၊ တက်ရောက်လာကြသူများအနေ ဖြင့် လူရည်ချွန်စခန်းများ ရွေးချယ်သတ်မှတ်နိုင်ရေး ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် လူရည်ချွန်စီမံကိန်းဗဟိုကော်မတီ အတွင်းရေးမှူး(၁) အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်ဦးနှင့် လူရည်ချွန်စီမံကိန်း ဗဟိုကော်မတီအတွင်းရေးမှူး(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က လူရည်ချွန်စီမံကိန်းဆောင်ရွက် ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေ များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အကြံပြု ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့က ဆွေးနွေး တင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နဝမတန်း၊ ဒသမတန်း၊ ဧကာဒသမတန်းနှင့် ဒွါဒသမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများ၊ ပထမနှစ်နှင့် ဒုတိယနှစ် လူရည်ချွန် ကျောင်းသား ကျောင်းသူများကို လူရည်ချွန်စခန်းအသီးသီးသို့ စေလွှတ်နိုင်ရေးအတွက် လူရည်ချွန်စခန်းများသတ်မှတ်ခြင်း၊ နိုင်ငံတော် အကြီးအကဲသြဝါဒခံယူပွဲအတွက် ဆွေးနွေးခြင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ကူညီပံ့ပိုးပေး နိုင်သည့်လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူရည်ချွန် စီမံကိန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးက အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ် ဘားအံမြို့၌ သက်မွေးပညာ ကာလတိုသင်တန်းများဆင်းပွဲ ကျင်းပ



ဘားအံ မတ် ၉

ကရင်ပြည်နယ် ကလေးအလုပ်သမားပပျောက် ရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ကော်မတီကကြီးမှူး၍ နွေရာသီကျောင်းအားလပ်ရက် များတွင် ဖွင့်လှစ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သက်မွေးပညာ ကာလတို သင်တန်းများဆင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် အစိုးရနည်းပညာအထက်တန်းကျောင်း နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီး ချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းမှ သင်ကြားပေးသော အသိပညာ၊ အတတ်ပညာများဖြင့် ရပ်တန့်မနေဘဲ ကျွမ်းကျင်ပညာရှင်များ ထုတ်ဝေ ထားသောစာအုပ်များ၊ အွန်လိုင်းလေ့ကျင့်ခန်းများ၊ အတွေ့အကြုံဝေမျှသည့် Website များ၊ You Tube Channel များ စသည့်လက်လှမ်းမီရာဖြင့် စာတွေ့၊ လက်တွေ့များကို စဉ်ဆက်မပြတ်ဆည်းပူးလေ့လာ သွားရန်လိုကြောင်း၊ သင်ယူရရှိခဲ့သည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကိုအသုံးချပြီး မိမိတတ်ကျွမ်းသည့်ပညာရပ်များဖြင့် မိမိရပ်ရွာ အကျိုး၊ မိမိဒေသအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက် သွားကြစေလိုကြောင်း ပြောကြားပြီး အခြေခံစက်ချုပ် သင်တန်းတွင် သင်တန်းထူးချွန်အထူးဆုရရှိသော သင်တန်းသူတစ်ဦးအား အပ်ချုပ်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ အခြေခံကွန်ပျူတာသင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ အခြေခံအိမ်တွင်း လျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်းနှင့် ဆိုလာတပ်ဆင်ခြင်း သင်တန်းတို့တွင် သင်တန်းထူးချွန်ပထမဆုရရှိကြသူ များအား ဂုဏ်ပြုဆုနှင့် သင်တန်းဆင်းလက်မှတ် များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သင်တန်းထူးချွန်ဒုတိယဆုနှင့် တတိယဆုရရှိကြသူ များအား ဂုဏ်ပြုဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများသည် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအားပေးစကားပြောကြားကာ သင်တန်းဆင်း သင်တန်းသား သင်တန်းသူများကိုယ်တိုင် ဆောင်ရွက် ထားသော လက်ရာများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် ရောဝတီတိုင်းဒေသကြီး နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု ကြည့်ရှုအားပေး



ပုသိမ် မတ် ၉

ရောဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီး ဌာနတို့ပူးပေါင်း၍ နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်ပြီး မတ် ၃ ရက်မှ ဧပြီ ၃ ရက်အထိ အားကစားနည်း အမျိုး ၂၀ ကို သင်ကြားပေးလျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိ သူများနှင့်အတူ ယနေ့နံနက်ပိုင်း တွင် ပုသိမ်မြို့ ကိုးသိန်းအားကစား ခန်းမနှင့် ရောဝတီတိုင်းဒေသကြီး အဆင့်မြင့်ရေကူးကန်(ပုသိမ်)တို့၌ အားကစားနည်းအလိုက် လေ့ကျင့် သင်ကြားပေးနေမှုများကို ကြည့်ရှု အားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်သည် ပုသိမ်မြို့ ကိုးသိန်း အားကစားခန်းမ၌ ပိုက်ကျော်ခြင်း အားကစားနည်းနှင့် ဘော်လီဘော အားကစားနည်းလေ့ကျင့်သင်ကြား နေမှုများကို လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး အဆင့်မြင့် ရေကူးကန်(ပုသိမ်)၌ ရေကူး အားကစားနည်းလေ့ကျင့်သင်ကြား နေမှုကိုလည်းကောင်း လှည့်လည် ကြည့်ရှုအားပေးပြီး အားကစား နည်းအလိုက် စနစ်တကျတတ်သိ နားလည် လေ့ကျင့်လိုက်စားနိုင် ရေးအတွက် ယခုကဲ့သို့ နွေရာသီ အားကစားသင်တန်းများကို ထပ်မံ ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးမှသည် နိုင်ငံ့ ဂုဏ်ဆောင် လက်ရွေးစင်များ ဖြစ်သည်အထိ ကြိုးစားလေ့ကျင့် သင်ယူသွားကြ စေလိုကြောင်း မှာကြားကာ အားဖြည့်အချိုရည် နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစား ပြိုင်ပွဲရုံ(၂)၌ ကြက်တောင်၊ ကရာတေး၊ မြန်မာ့သိုင်းအားကစား နည်းများ လေ့ကျင့်သင်ကြားပေး နေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားကာ အားဖြည့်အချိုရည်နှင့် စားသောက် ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဂန့်ဂေါမြို့၌ အခမ်းအနားမှူးသင်တန်းဖွင့်

ဂန့်ဂေါ မတ် ၉

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အခမ်းအနားမှူး သင်တန်းကို ယနေ့နံနက် ၁၀ နာရီတွင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ စတင်ဖွင့်လှစ်သည်။

ဦးစွာ ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်အေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ် ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနားမှူး သင်တန်းကို စတင်သင်ကြားပို့ချရာ သင်တန်းနည်းပြအဖြစ် ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်အေးက သင်ကြားပို့ချသည်။

အဆိုပါ အခမ်းအနားမှူးသင်တန်းတွင် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၄၆ ဦး တက်ရောက် ကြပြီး သင်တန်းကာလကို မတ် ၉ ရက်မှ ၁၃ ရက်အထိ နံနက် ၁၀ နာရီမှ ၁၂ နာရီထိ ငါးရက်တိုင် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မျိုးမင်း**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်း( ၁/၂၀၂၆)ဖွင့်ပွဲ တက်ရောက်



ထားဝယ် မတ် ၉

တနင်္သာရီတိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ မြို့တော်ခန်းမ(၂)၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီးသည် ပင်လယ်နှင့်ထိစပ်နေသော ကမ်းရိုးတန်းဒေသတစ်ခုဖြစ်သည့်အတွက် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များကို တုံ့ပြန်ဖြေရှင်းဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများကို နှေးကွေးစေသော အနှောင့်အယှက် အဟန့်အတားများဖြစ်ကြောင်း၊ တိုင်းဒေသကြီးအနေဖြင့် သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရပ်/ကျေးအဆင့်အထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်ခန်းစာများကို စိတ်ပါဝင်စားစွာ သင်ယူလေ့လာပြီး ပြည်သူများအကြား သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ရင်ဆိုင်တွေ့ကြုံနေရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် တာဝန်သိစိတ်ကိုယ်စီဖြင့် ကျရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြင့် တုံ့ပြန်ရင်ဆိုင်နိုင်သည့် လူမှုအသိုက်အဝန်းကို ဖော်ဆောင်နိုင်သော အထောက်အပံ့ကောင်းများကို ရရှိပြီး သဘာဝဘေးလျော့ပါးရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ဌာနဆိုင်ရာနှင့် လူမှုအဖွဲ့အစည်း သင်တန်းသား ၅၀ ကို တာဝန်ရှိသူများက မတ် ၁၃ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဗဟိုမိုဘိုင်း စက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ် (Central Equipment Idenity Register–CEIR) နှင့် EIR စနစ်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဗဟိုမိုဘိုင်း စက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ် CEIR နှင့် ပတ်သက်၍ အခွန်ဦးစီးဌာနအနေဖြင့် စနစ်ဆောင်ရွက်ရသည့် ကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြပေးရန်လိုအပ်ကြောင်း၊ ဖုန်းများ တရားဝင်/ မဝင်သိရှိနိုင်ရန်အတွက် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စနစ်နှင့်ပတ်သက်၍ မှတ်ပုံတင်ခြင်းများကို ကိုယ်တိုင်ဆောင်ရွက်ရသည်ဖြစ်သောကြောင့် လုပ်ထုံးလုပ်နည်းများကို ဖုန်းသုံးစွဲသူများနားလည်ရန် လိုအပ်ကြောင်း၊ စနစ်အောင်မြင်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး သူရဦးထင်ကျော်မိုးက ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ် CEIR နှင့် EIR စနစ်အကြောင်း သိကောင်းစရာများ၊ CEIR Public Portal အကြောင်း သိကောင်းစရာများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ဆင်သေရေလှောင်တမံ အခိုင်အမာပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ မတ် ၇ ရက်က မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် မယ်ဇလီကျင်းကျေးရွာအနီးရှိဆင်သေရေလှောင်တမံ အခိုင်အမာပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက ဆင်သေရေလှောင်တမံ ပြန်လည်ပြုပြင်မည့် ဒီဇိုင်းပုံစံများ၊ လအလိုက်ဆောင်ရွက်ရန်လျာထားမှု၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေလှောင်တမံ ပြန်လည်ပြုပြင်ရာတွင် ပိုမိုခိုင်ခံ့ပြီး ရေရှည်လုံခြုံစိတ်ချနိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေး အထူးအလေးထား ဆောင်ရွက်ကြရန်၊ ရေလှောင်တမံနှင့် ရေပိုလွှဲတို့၏ ကြံ့ခိုင်ရေးကို Dam Monitoring စောင့်ကြည့်တိုင်းတာစစ်ဆေးမှုများ အမြဲမပြတ်ဆောင်ရွက်ကြရန်နှင့် နွေစပါးအပါအဝင် အခြားနွေသီးနှံလျာထားစိုက်ကေများအတိုင်း လုံလောက်စွာ စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လုပ်ငန်းခွင်အတွင်း ဆောင်ရွက်လျက်ရှိသော တမံ Rock Toe ရေစစ်ကျောက်ရိုးစီခြင်း၊ မြေကြီးဖို့ခြင်း၊ တမံနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆင်သေရေလှောင်တမံသည် ဒေသခံတောင်သူများရာသီအလိုက် နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများ အချိန်မီအောင်မြင် ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ရေးအတွက် နှစ်စဉ် စိုက်ပျိုးရေလုံလောက်စွာ ဖြန့်ဝေပေးလျက်ရှိသော ရေလှောင်တမံတစ်ခုဖြစ်ကာ ဆင်သေရေလှောင်တမံအနေဖြင့် ယခု ၂၀၂၅–၂၀၂၆ နွေသီးနှံရာသီတွင် နွေစပါးနှင့် နွေအခြားသီးနှံ လျာထားဧကပေါင်း ၁၁၅၈၀ ရှိသည့်အနက် ယနေ့အထိ နွေစပါး ၅၃၇၉ ဧကကို စိုက်ပျိုးရေ ပေးဝေထားရှိပြီး ကျန်ဧကများကိုလည်း စိုက်ပျိုးရေ ဆက်လက် ပေးဝေလျက်ရှိသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ်သရက်ကွင်းကျေးရွာအနီး၌ ဆင်သေရေလွှဲဆည်အသစ် တည်ဆောက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှု၊ ရေလွှဲဆည်အူကြောင်း (Alignment) ရွေးချယ်ထားရှိမှု၊ သတ်မှတ်ဒီဇိုင်းပုံစံအရ မြေပြင်နေအထားနှင့် ကိုက်ညီမှုရှိမရှိ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဆင်သေရေသောက်စနစ် လက်ဝဲလက်တံ (၁) မြောင်းအဖျားပိုင်းအထိ နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ပျိုးရေပေးဝေမှုနှင့် ရေဆင်းဆည်ရေသောက်စနစ် ဇရီယာအတွင်း လက်ယာလက်တံ(၂) မြောင်းမကြီးမှ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေကို စနစ်တကျအကျိုးရှိစွာသုံးစွဲကြရန်၊ မြောင်းဖျားပိုင်းရှိ လယ်ကွက်များအထိ စိုက်ပျိုးရေမျှတစွာ ရရှိစေရန်နှင့် စိုက်ပျိုးရေရယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရေဆင်း ရေလှောင်တမံအနေဖြင့် ၂၀၂၅–၂၀၂၆ ခုနှစ်အတွင်း နွေစပါး ၆၂၄၆ ဧက၊ နွေအခြားသီးနှံ ဧက ၁၁၈၀ စုစုပေါင်း ၇၄၂၆ ဧကကို စိုက်ပျိုးရေပေးဝေရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၆ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိ သောအမှုန် အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိ သော အမှုန် အမွှားများ | ဆာလဖာဒိုင် အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# စက်သုံးဆီအရေး စုံ နှင့် မ အတိအကျလိုက်နာခြင်းဖြင့် နိုင်ငံကြီးသားပီသကြောင်းသက်သေပြပါ

မေ

တစ်စစနှင့် နွေကာလကလည်း ရောက်ရှိလို့လာပြီပေါ့။ ကလေးရှိတဲ့ စာရေးသူတို့ အိမ်မှာတော့ နွေကျောင်းပိတ်ရက်မို့ ကျောင်းသား ကျောင်းသူတွေ အားလပ်ချိန်ဖြစ်တာကြောင့် အိမ်မှာလူစုံတဲ့ရာသီလို့ ပြောရမယ်။ ဒီအချိန်ဟာ ဆောင်းအကုန် နွေအကူး ရာသီပြောင်းချိန်မို့ အပူအအေးမမျှတတာကြောင့် ကလေးသူငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေရဲ့ ကျန်းမာရေးကို ဂရုစိုက်ကြရတဲ့ အချိန်ဆိုလည်း မမှားဘူး။ လူစုံတက်စုံရှိတဲ့အချိန် မီးဖိုချောင်ကို တာဝန်ယူကြတဲ့ အိမ်ရှင်မတွေအတွက် သွေးတက်တဲ့ကာလပါပဲ။ အစပ်မစားနိုင်တဲ့ ကလေး၊ ဆီပြန်ဟင်းကြိုက်တဲ့လူကြီးနဲ့ အနူးအနပ်ဟင်းကိုမှ ဝါးနိုင်တဲ့ သက်ကြီးဘိုးဘွားတွေအတွက်၊ အသီးအရွက်မပါရင် မစားတတ်သူတွေအတွက် စသည်ဖြင့် လောက်ငဖိုက်ဝအောင် ဖြည့်ဆည်းကြရတာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ပေဘူး။

ဒီနေ့လည်း ဆီပြန်ဟင်းကို မနက်ညလောက်ပြီး ဟင်းအနှစ်နဲ့မျှတအောင် ပြင်ဆင်ရင်း နေ့လယ်ထမင်းဝိုင်းလေး စတင်ချိန်မှာ သမီးကြီးက လက်ရှိ တစ်နိုင်ငံလုံးအတွက် သတင်းသစ်တစ်ပုဒ်ဖြစ်တဲ့ စုံ၊ မ ရက်အလိုက် စက်သုံးဆီချွေတာရေး အစီအမံအကြောင်း စကားစတယ်။ အိမ်ကဆိုင်ကယ်နံပါတ်အကွဲရာက မဂဏန်းမို့ သတ်မှတ်ရက်မှာ ဈေးဝယ်ဖို့နဲ့ လိုအပ်တာသုံးဖို့ သူက အကြံပြုရာကစလို့ ထမင်းဝိုင်းဟာ စက်သုံးဆီချွေတာရေးအကြောင်း အပြန်အလှန် သုံးသပ်ငြင်းခုံကြရင်း ပိုပြီးစည်ကားနေတော့တာပါပဲ။ ဒါပေမဲ့ အိုးသူကြီး စာရေးသူကတော့ စကားတပြောပြောနဲ့ စားကောင်းနေကြတဲ့ ထမင်းဝိုင်းကို ကြည့်ရင်း ရင်တမမပေါ့။ ချက်ထားတဲ့ဟင်းက ညမနက်စာဖြစ်တာကြောင့် တစ်နပ်တည်းနဲ့ အကုန်များ စားပစ်လိုက်ကြရင် ညနေစာအတွက် ရင်မောရမှာ မဟုတ်လား။

မိသားစုအားလုံးက ညှာညှာတာတာ စားသောက်တာကြောင့်ပဲလား၊ အိုးသူကြီး ပိုင်နိုင်လို့ပဲလားမသိ၊ ကလေးတွေအားလုံး စားသောက်ပြီးချိန်မှာ မိသားစုညစာအတွက် ဆီပြန်ဟင်းက ကွက်တိ အတိအကျ ကျန်နေပါသေးတယ်။ တော်သေးတာပေါ့။ အကယ်၍များ မနက်ညစာကြိုတင်မစဉ်းစားမိရင် ဒါမှမဟုတ် မိသားစုထဲက ဖွဲဖောက်ပြီး အတ္တကြီးသူက စားနိုင်တာထက်ပိုပြီး မညှာမတာ စားသောက်ရင် ညနေစာအတွက် ထပ်မံဖြည့်တင်းရဦးမယ်။

တစ်လက်စတည်း လက်ရှိစက်သုံးဆီချွေတာရေးအကြောင်းကို ဆက်စပ်တွေးတောမိတယ်။ စာရေးသူလို အိမ်ရှင်မတစ်ဦးဟာ မိသားစု စားရေးအတွက် နေ့စဉ်နဲ့အမျှ တွေးတော ပူပန်ရတယ်။ အာဟာရပြည့်ဝအောင်၊ ဝင်ငွေနဲ့မျှတအောင်၊ ကျန်းမာကြံ့ခိုင်အောင်၊ အရသာပြည့်စုံအောင် စသည်ဖြင့် ဖြည့်တင်းရတာဟာ နိုင်ငံ့အရေးနဲ့ ဆက်စပ်နေတာပါပဲ။ အခုနိုင်ငံမှာ စက်သုံးဆီအရေး အားလုံးပူးပေါင်းအဖြေရှာသင့်တာလည်း နိုင်ငံရေးပါပဲ။ ဒါကြောင့် Politics begins in the kitchen လို့ ၁၉ ရာစုက ပေါ်ထွက်ခဲ့တဲ့ ဂျာမန်စာရေးဆရာနဲ့ နိုင်ငံရေးသမား Luise Otto–Peters က ဆိုခဲ့တာ ဖြစ်မယ်။ မိသားစုတစ်စုမှာ အခက်အခဲ၊ အကျပ်အတည်းတွေ ကြုံတွေ့လာတဲ့အခါ အတူတူရင်ဆိုင်ဖြေရှင်းကြမယ်၊ ဆင်းရဲဒုက္ခကြုံတဲ့အခါ အတူဖြတ်ကျော်လို့ ချမ်းသာသုခရရှိတဲ့အခါလည်း အတူတကွမျှဝေကြမယ်ဆိုသလို နိုင်ငံတစ်နိုင်ငံဟာ မိသားစုတစ်စုလိုပဲ အခက်အခဲ၊ အကျပ်အတည်းတွေကို နိုင်ငံသားတွေ စုပေါင်းအဖြေရှာကြမယ်၊ ကိုယ်ကျိုးအတ္တထက် အများအကျိုး ပရစိတ်ထားနဲ့ မျှတတဲ့အမြင်၊ စာနာတဲ့အတွေးနဲ့ မြင့်မြတ်တဲ့ ကရုဏာစိတ်ထားကြမယ်ဆိုရင် အဲဒီအခက်အခဲတွေဟာ မကြာမီလွန်မြောက်ပြီး သုခချမ်းသာကို ရရှိကြမှာမလွဲပါဘူး။

> ❝မနှစ်က တရုတ်နိုင်ငံ ယူနန်ပြည်နယ် မာလီပိုကောင်တီကို အလည်အပတ်ရောက်ခဲ့စဉ် ထူးခြားမှုတစ်ခုကို ခံစားခဲ့ရဖူးပါတယ်။ မော်တော်ကားစီးရေနည်းပါးခြင်းနဲ့ စက်ဘီးနဲ့ လျှပ်စစ်မော်တော်ဆိုင်ကယ်တွေကို အားထားအသုံးပြုခြင်း၊ အများပြည်သူသုံးယာဉ်တွေကိုသာ အသုံးပြုခြင်း စတာတွေကိုမြင်တွေ့ခဲ့ရပါတယ်။ အကျိုးဆက်တွေအနေနဲ့ ပြာလဲ့တဲ့ကောင်းကင်ဟာ မီးခိုးမြူတို့ကင်းစင်နေတာ၊ သက်ကြီးဘိုးဘွားတွေ အတော်များများ သက်ရှည်ကျန်းမာကြံ့ခိုင်နေတာနဲ့ စက်ဘီးနဲ့ လျှပ်စစ်ဆိုင်ကယ် အဓိကသုံးတာကြောင့် ကောင်တီတစ်ခုလုံးမှာ အိပ်ဇောသံ လုံးဝနီးပါးမကြားရပါဘူး။ ကာဗွန်လျှော့ချခြင်းဟာ ကမ္ဘာကြီးကို အသက်ရှည်အောင် ကူညီခြင်းပဲမဟုတ်လား❞

## ဘာကြောင့်ချွေတာသုံးစွဲရတာလဲ

အခုလို နိုင်ငံအတွင်း စက်သုံးဆီချွေတာတဲ့ အစီအစဉ်တွေ ဘာကြောင့်ချမှတ်ရသလဲ ဆိုတာကို အားလုံးသိကြမယ်လို့ ထင်ပါတယ်။ အဓိကအကြောင်းရင်းကတော့ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခကြောင့်လို့ဆိုရပါမယ်။ အရှေ့အလယ်ပိုင်းလို့ခေါ်တာဟာ အထူးသဖြင့် ဗြိတိန်ရဲ့ ပထဝီဝင်ရှုထောင့်ကနေမြင်တဲ့အမြင်ဖြစ်ပါတယ်။ ၁၉ ရာစုနှောင်းပိုင်းမှာ ဗြိတိသျှတွေဟာ ကမ္ဘာ့နေရာတွေကို သူတို့အရပ်ဒေသ ဥရောပကနေဗဟိုပြုပြီး စဉ်းစားလေ့ရှိတာကြောင့် အရှေ့ဖျားဒေသ၊ အရှေ့အလယ်ပိုင်းဒေသ စသည်ဖြင့်ခေါ်ဆိုရာကနေ ဒီအသုံးအနှုန်းဖြစ်လာတာပါ။ အမှန်က ပထဝီဝင်အရ အနောက်အာရှဒေသဖြစ်ပါတယ်။ အဲဒီဒေသမှာ အီရန်၊ အီရတ်၊ ဆီးရီးယား၊ လက်ဘနွန်၊ အစ္စရေး၊ ပါလက်စတိုင်းနဲ့ အာရေဗျကျွန်းဆွယ်က နိုင်ငံတွေပါဝင်ပါတယ်။

လက်ရှိမှာ အီရန်ကို အမေရိကန်နဲ့ အစ္စရေးက စစ်ဆင်နွှဲလိုက်တဲ့အတွက် ကမ္ဘာ့ရေနံတင်ပို့မှုလမ်းကြောင်းတွေ ပြတ်တောက်သွားတာ၊ ကမ္ဘာ့ရေနံရဲ့ ငါးပုံတစ်ပုံလောက် ဖြတ်သန်းနေတဲ့ ဟော်မုဇ်ရေလက်ကြား ပိတ်ဆို့ခံလိုက်ရတာ စတာတွေကြောင့် ဒီရေလက်ကြားကနေ အာရှကို ရေနံတင်သင်္ဘောတွေ သွားတဲ့လမ်းကြောင်းဖြစ်လို့ စက်သုံးဆီ တင်ပို့မှုလမ်းကြောင်းတွေ ကြန့်ကြာနေရခြင်းဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံဟာ ပြည်ပကနေ စက်သုံးဆီ ၉၀ ရာခိုင်နှုန်းလောက် တင်သွင်းနေရတဲ့ နိုင်ငံဖြစ်ပါတယ်။ အဓိကကတော့ မလေးရှား၊ စင်ကာပူ စတဲ့ အရှေ့တောင်အာရှနိုင်ငံတွေကနေ သန့်စင်ပြီးသားဆီကို တင်သွင်းရတာပါ။ ဒါကြောင့် နိုင်ငံတော်အစိုးရကနေ စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေးအတွက် ပြည်သူတွေကို အသိပေးကြေညာချက်တွေ ထုတ်ပြန်ခဲ့ရပါတယ်။

ဒီနေရာမှာ လစဉ်စုံရက်တွေမှာ စုံ နံပါတ်အကွဲရာပါတဲ့ယာဉ်တွေ၊ မရက်တွေမှာ မ နံပါတ်အကွဲရာပါတဲ့ယာဉ်တွေက မောင်းနှင်အသုံးပြုကြရမှာဖြစ်ပါတယ်။ ဒါဟာ စက်သုံးဆီလုံးဝပြတ်တောက်လို့မဟုတ်ဘဲ လက်ကျန်စက်သုံးဆီတွေကို ပိုပြီးကြာရှည်သုံးစွဲနိုင်အောင်၊ လက်ရှိဆိုက်ရောက်လာတဲ့ ဆီတင်သင်္ဘောတွေပေါ်က စက်သုံးဆီတွေကိုလည်း စနစ်တကျ အချိန်ပိုကြာကြာ သုံးစွဲနိုင်အောင် စီမံပေးတဲ့သဘောလို့ နားလည်လက်ခံပြီး အားလုံးက ပူးပေါင်းပါဝင်ပေးကြဖို့ လိုအပ်ပါတယ်။

## တစ်ယောက်အားနှင့် ယူသော်မရ စုပေါင်းအားနှင့် ယူသော်ရ၏

လက်ရှိမှာ ပညာပေးကာလအဖြစ် သတ်မှတ်ထားပြီး စုံ၊ မ စက်သုံးဆီချွေတာရေးနည်းလမ်းကို အများပြည်သူတွေ နားလည်သဘောပေါက်အောင် ဆောင်ရွက်ပေးနေတာကိုလည်း မြင်တွေ့ရပါတယ်။ ထုတ်ပြန်ချက်နှစ်ကြိမ်အရ အများပြည်သူသုံး ခရီးသည်ပို့ဆောင်ရေးယာဉ်တွေ၊ လူနာတင်ယာဉ်၊ ဖယ်ရီကြိုပို့ယာဉ်၊ ဆီဘောက်ဆာတွေနဲ့ ရုံး၌ာနယာဉ်တွေ၊ အမှိုက်သိမ်းယာဉ်နဲ့ နာရေးယာဉ်စတာတွေကတော့ ပုံမှန်အတိုင်း သွားလာခွင့်ရရှိမှာပါ။ သို့သော် အများနဲ့မသက်ဆိုင်တဲ့ ကိုယ်ပိုင်ကား၊ ကိုယ်ပိုင်ဆိုင်ကယ်တွေ အပါအဝင် ဒီစည်းကမ်းကို လိုက်နာကြရမှာပါ။

အခုလို ကန့်သတ်လိုက်တဲ့အတွက် စက်သုံးဆီအခက်အခဲကို အထိုက်အလျောက် လျော့ပါးသက်သာစေသလို တစ်ဖက်မှာလည်း အိပ်ဇောအမျိုးမျိုးက ထွက်ပေါ်လာမယ့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကိုလည်း လျှော့ချပြီးသားဖြစ်သွားမယ်၊ မလိုအပ်ဘဲ အပြင်မထွက်ကြတော့တဲ့အတွက် ကုန်ကျစရိတ်သက်သာစေမှာ ဖြစ်ပါတယ်။ ဒါဟာ မိမိမိသားစုအတွက်ရော၊ နိုင်ငံအတွက်ရော၊ ကမ္ဘာမြေကျန်းမာဖို့အတွက်ရော အကျိုးရှိတဲ့ လုပ်ရပ်ပဲဖြစ်ပါတယ်။ အကယ်၍ အရေးပေါ်သွားလာဖို့လိုအပ်မယ်ဆိုရင် အများပြည်သူသုံးယာဉ်တွေကို အသုံးပြုလို့ရနိုင်သလို နီးစပ်ရာခရီးစဉ်တွေကို ခြေကျင်ခရီးနှင်ခြင်း၊ စက်ဘီးစီးခြင်းအားဖြင့် ကျန်းမာရေးနဲ့ညီညွတ်မှုကိုပါ ရရှိစေနိုင်မှာ ဖြစ်ပါတယ်။

မနှစ်က တရုတ်နိုင်ငံ ယူနန်ပြည်နယ် မာလီပိုကောင်တီကို အလည်အပတ်ရောက်ခဲ့စဉ် ထူးခြားမှုတစ်ခုကို ခံစားခဲ့ရဖူးပါတယ်။ မော်တော်ကားစီးရေနည်းပါးခြင်းနဲ့ စက်ဘီးနဲ့ လျှပ်စစ်မော်တော်ဆိုင်ကယ်တွေကို အားထားအသုံးပြုခြင်း၊ အများပြည်သူသုံးယာဉ်တွေကိုသာ အသုံးပြုခြင်း စတာတွေကို မြင်တွေ့ခဲ့ရပါတယ်။ အကျိုးဆက်တွေအနေနဲ့ ပြာလဲ့တဲ့ကောင်းကင်ဟာ မီးခိုးမြူတို့ကင်းစင်နေတာ၊ သက်ကြီးဘိုးဘွားတွေ အတော်များများ သက်ရှည်ကျန်းမာကြံ့ခိုင်နေတာနဲ့ စက်ဘီးနဲ့ လျှပ်စစ်ဆိုင်ကယ် အဓိကသုံးတာကြောင့် ကောင်တီတစ်ခုလုံးမှာ အိပ်ဇောသံ လုံးဝနီးပါးမကြားရပါဘူး။ ကာဗွန်လျှော့ချခြင်းဟာ ကမ္ဘာကြီးကို အသက်ရှည်အောင် ကူညီခြင်းပဲမဟုတ်လား။

## စည်းကမ်းလိုက်နာခြင်းဖြင့် ပူးပေါင်းကြစေလို

အခုလို အခက်အခဲရှိနေတဲ့ကာလမှာ စက်သုံးဆီတွေကို မလိုအပ်ဘဲ ဝယ်ယူကြတာမျိုးနဲ့ ဈေးအဆမတန် မြှင့်တင်ရောင်းချတာမျိုးကို ရောင်းသူရော၊ ဝယ်သူဘက်ကပါ ရှောင်ကြဉ်ကြဖို့လိုအပ်ပါတယ်။ သတ်မှတ်ထားတဲ့ စုံ၊ မ ရက်အလိုက် ဆီဖြည့်တာ၊ အပြင်သွားတာမျိုးကို လုပ်ဆောင်သင့်ပြီး မသမာတဲ့နည်းလမ်းတွေဖြစ်တဲ့ နံပါတ်ပြားလဲလှယ်တပ်ဆင်တာ၊ နံပါတ်ပြားအတုအသုံးပြုတာတွေကို တွေ့ရှိရင် ပညာပေးကာလပြီးဆုံးတဲ့အခါ အရေးယူမှုအစီအစဉ်တွေ စတင်နိုင်တာမို့ သတိပြုရှောင်ကြဉ်သင့်ပါတယ်။

ပြီးခဲ့တဲ့ရက်က မန္တလေးမြို့မှာ ဆီထည့်ဖို့စောင့်ဆိုင်းရင်း စက်သုံးဆီဆိုင်အနီး ဆေးလိပ်သောက်သုံးတဲ့အတွက် အများပြည်သူက ဝိုင်းဝန်းတားဆီးခဲ့တယ်လို့ အွန်လိုင်းစာမျက်နှာတွေမှာ မြင်တွေ့ရပါတယ်။ ထို့အတူ ဆီကို ပုံးအလွတ်တွေနဲ့ ဝယ်ယူစုဆောင်းခြင်းဟာ မီးဘေးအန္တရာယ်ကျရောက်စေနိုင်တဲ့အတွက် သတိပြုရှောင်ကြဉ်ကြရမှာပါ။

> ❝စက်သုံးဆီအခက်အခဲဟာ မိမိတို့တစ်ဦးတည်း၊ တစ်နိုင်ငံတည်း ကြုံတွေ့ရတဲ့ အခက်အခဲမဟုတ်ပါဘူး။ နိုင်ငံအများအပြားကြုံတွေ့ရပြီး ဝိုင်းဝန်းအဖြေရှာနေကြရတဲ့ အချိန်ဖြစ်ပါတယ်။ လက်ရှိမှာ ရက်ပေါင်း ၄၀ လောက် ပုံမှန်အသုံးပြုနိုင်မယ့် စက်သုံးဆီပမာဏနဲ့ ဆိပ်ကမ်းရောက်နေတဲ့ စက်သုံးဆီတွေ၊ မြန်မာနိုင်ငံကိုဦးတည်ပြီး ထွက်ခွာလာနေတဲ့ ဆီတင်သင်္ဘောပေါ်ကဆီတွေ ပေါင်းစပ်လိုက်ရင် လက်ရှိမှာ အလွန်အမင်း ခက်ခဲကျပ်တည်းနေခြင်းမရှိပါဘူး။ အခုလို စုံ၊ မ ခွဲခြားအသုံးပြု ချွေတာလိုက်ခြင်းဖြင့် ပိုပြီးစိတ်ချစရာ မျှတသုံးစွဲခြင်းနည်းလမ်းဖြစ်တာကြောင့် အားလုံးက နိုင်ငံကြီးသားပီသစွာဖြင့် ပူးပေါင်းပါဝင်ပေးကြဖို့ တိုက်တွန်းလိုက်ရပါတယ်❞

စက်သုံးဆီအခက်အခဲဟာ မိမိတို့ တစ်ဦးတည်း၊ တစ်နိုင်ငံတည်း ကြုံတွေ့ရတဲ့အခက်အခဲ မဟုတ်ပါဘူး။ နိုင်ငံအများအပြားကြုံတွေ့ရပြီး ဝိုင်းဝန်းအဖြေရှာနေကြရတဲ့အချိန်ဖြစ်ပါတယ်။ လက်ရှိမှာ ရက်ပေါင်း ၄၀ လောက် ပုံမှန်အသုံးပြုနိုင်မယ့် စက်သုံးဆီပမာဏနဲ့ ဆိပ်ကမ်းရောက်နေတဲ့ စက်သုံးဆီတွေ၊ မြန်မာနိုင်ငံကို ဦးတည်ပြီး ထွက်ခွာလာနေတဲ့ ဆီတင်သင်္ဘောပေါ်ကဆီတွေ ပေါင်းစပ်လိုက်ရင် လက်ရှိမှာ အလွန်အမင်းခက်ခဲကျပ်တည်းနေခြင်းမရှိပါဘူး။ အခုလို စုံ၊ မ ခွဲခြား အသုံးပြုချွေတာလိုက်ခြင်းဖြင့် ပိုပြီး စိတ်ချစရာ မျှတသုံးစွဲခြင်းနည်းလမ်းဖြစ်တာကြောင့် အားလုံးက နိုင်ငံကြီးသားပီသစွာဖြင့် ပူးပေါင်းပါဝင်ပေးကြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ။

# မင်းဘူး(စကု)မြို့နယ်၌ ပုဂံခေတ်လက်ရာ ရွှေဟောင်းသိဒ္ဓိအောင်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပ



**မင်းဘူး မတ် ၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကမ်းနီကျေးရွာ၌ မကွေးမြို့ အောင်ပုံတောရ ကံ့ကော်တစ်ထောင် ဆရာတော်ကြီးအား အမှူးပြု၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က မတည်အလှူငွေ၊ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များနှင့် ဒေသခံများက စုပေါင်းလှူဒါန်းငွေများဖြင့် မူလပုံစံမပျက် ပြန်လည်ပြုပြင်တည်ထားကိုးကွယ်သော ပုဂံခေတ်လက်ရာ ရွှေဟောင်းသိဒ္ဓိအောင်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်၊ ဌာပနာတော်သွင်း၊ ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်လှူ ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို မတ် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အတူ တိုင်းဒေသကြီးဝန်ကြီးများ၊ စေတနာရှင် အလှူရှင်များနှင့် ဒေသခံများ တက်ရောက်သည်။

ဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများသည် ကမ်းနီကျေးရွာရှိ ပုဂံခေတ်လက်ရာ ရွှေဟောင်းသိဒ္ဓိအောင်စေတီတော်မြတ်ကြီးအား ပန်း၊ ဆီမီး၊ ဆွမ်းတော်နှင့် သောက်တော်ရေချမ်းများ ဆက်ကပ်လှူဒါန်းပြီး မကွေးမြို့ အောင်ပုံတောရ ကံ့ကော်တစ်ထောင် ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စေတနာရှင် အလှူရှင်များ၊ ဘုရားဒါယကာ၊ ဒါယိကာမများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် ဘုရားဌာပနာတော်ပစ္စည်းများအား ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းပြီး အဆိုပါပစ္စည်းများကို ပင့်ဆောင်၍ ရွှေဟောင်းသိဒ္ဓိအောင်စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်သည်။

ဆက်လက်၍ ရွှေထီးတော်တင်လှူပူဇော်ရေးအဖွဲ့က ဦးဆောင်၍ စေတနာရှင် အလှူရှင်များ၊ ဘုရားဒါယကာ၊ ဒါယိကာမများနှင့် ကမ်းနီကျေးရွာမှ ဒေသခံပြည်သူများက မင်္ဂလာရထားပျံဖြင့် စတင်ပင့်ဆောင်ကာ ဘုရားထီးတော်တင်လှူပူဇော်ခြင်း လုပ်ငန်းအဆင့်ဆင့်ကိုဆောင်ရွက်ပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်အား ပင့်ဆောင်၍ စေတီတော်အထွတ်အထိပ်သို့ တင်လှူပူဇော်ကာ ဌာပနာပစ္စည်းများအား ဌာပနာတိုက်သို့ပင့်ဆောင်ပြီး ဌာပနာတော်သွင်းခြင်းဆောင်ရွက်ကာ ရွှေထီးတော်တင် အောင်မြင်ခြင်းအထိမ်းအမှတ် ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးခြင်း ဆောင်ရွက်ခဲ့ပြီး ပင့်သံဃာဆရာတော်ကြီးများက ရွှေဟောင်းသိဒ္ဓိအောင်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခဲ့ကြသည်။

ဆက်လက်ပြီး ရွှေထီးတော်တင်လှူပူဇော်ပွဲ အောင်မြင်ခြင်း အထိမ်းအမှတ်အခမ်းအနားကို မင်္ဂလာမဏ္ဍပ်တော်အတွင်း၌ ကျင်းပရာ မကွေးမြို့ အောင်ပုံတောရ ကံ့ကော်တစ်ထောင်ဆရာတော်ကြီး အမှူးပြုသော ပင့်သံဃာဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ပရိတ်တရားတော်နှင့် အနုမောဒနာတရားတော်များ နာယူကြည်ညို၍ ဘုရားကြီးအတွက် အလှူငွေနှင့် ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှအတန်းများ ပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# မော်လမြိုင်မြို့နယ်၌ အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း(အမှုထမ်း) သင်တန်းဖွင့်

**မော်လမြိုင် မတ် ၉**

မွန်ပြည်နယ် မော်လမြိုင်မြို့ သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မော်လမြိုင်) အစည်းအဝေးခန်းမ၌ အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း (အမှုထမ်း)သင်တန်းကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

**ဖွင့်လှစ်ပို့ချ**

ဦးစွာ မွန်ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အမှာစကားပြောကြား သည်။ အဆိုပါသင်တန်းသို့ မွန်ပြည်နယ်သမဝါယမဦးစီးဌာနနှင့် ကရင်ပြည်နယ်သမဝါယမ ဦးစီးဌာနတို့မှ အမှုထမ်းဝန်ထမ်း ၄၀ တက်ရောက်၍ သင်တန်းတွင် သမဝါယမစာရင်းကိုင်ပညာနှင့် စာရင်းစစ်ဆေးခြင်းလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်တတ်စေရန်အတွက် မတ် ၉ ရက်မှ ၂၃ ရက်အထိ နှစ်ပတ်ကြာ သင်တန်းဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျိုက်လတ်မြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ကျိုက်လတ် မတ် ၉**

ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၅) ရပ်ကွက် ၁၃ ဖြတ်လမ်း (လမ်းမတော်လမ်းမှ ဗန္ဓုလလမ်းအထိ) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ ခရိုင် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးတိုးမြင့်အောင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းအောင်တို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ဒုတိယအုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက မြို့နယ်ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များအား ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်သည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်သည် အရှည် ၁၁၄၁ ပေ၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မဖြစ်ပြီး ငွေကျပ် ၆၆ ဒသမ ၈၅၀ သန်းဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**ကျိုက်လတ်(ပြန်/ဆက်)**

# လပွတ္တာမြို့နယ်၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူပွဲ ကျင်းပ



**လပွတ္တာ မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် သပိတ်ကြိုဘုရားကြီးရှေ့၌ ယနေ့နံနက်ပိုင်းက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူပွဲ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်နှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစံကြည်တို့က မြေစိုက်ပိုစတာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ်အတွင်း မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကင်းဝေးစေရန် ပရိတ်တရားများ လှည့်လည်ရွတ်ဖတ်ပူဇော်



**ရန်ကုန် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက ဦးစီးပြုလုပ်သည့် မြို့နယ်အတွင်းမီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကင်းဝေးစေရန်ရည်ရွယ်၍ ဆရာတော်ကြီးများ ဦးဆောင်ကာ ယမန်နေ့နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် ပရိတ်တရားတော်များအား မြို့တစ်ပတ်လှည့်လည် ပူဇော်ရွတ်ဖတ်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြောက်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာနက ဦးစီးပြုလုပ်သည့် မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကင်းဝေးစေရန်ရည်ရွယ်၍ တေဇိန္ဒာလင်္ကာရကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်ဦးဆောင်ကာ သံဃာငါးပါးဖြင့် မြို့နယ်အတွင်း လမ်းမကြီး၊ လမ်းသွယ်၊ ရပ်ကွက်များသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်၍ မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များအား ရွတ်ဖတ်ပူဇော်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ဒေးဒရဲမြို့နယ်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ



ဒေးဒရဲ မတ် ၉

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သည့် ပဆင-မရမ်းဝ-မှော်အိုင် ကျေးရွာချင်းဆက်လမ်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာချင်းဆက်လမ်းပေါ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဆန်းချစ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းသိန်းတို့က ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၉၀ ဒသမ ၄၈၈ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး အရှည် ၀/၂ မိုင်၊ အကျယ် ၁၂ ပေ၊ ဒုခုနစ်လက်မ ဖြစ်ကြောင်း သိရသည်။

အေဇာလင်း

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ နွေရာသီအားကစားသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် နွေရာသီအားကစားသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူး ဦးဦးထွန်းက အားကစားပွဲများ ကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ တိုက်ကွမ်ဒို အားကစားသမားများနှင့် မြန်မာ့သိုင်းအဖွဲ့တို့မှ သရုပ်ပြသခဲ့ကြသည်။

နွေရာသီ အားကစားသင်တန်းများကို အခြေခံပညာဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင် လူငယ်များ တက်ရောက်ကြပြီး သင်တန်းနည်းပြ ဆရာ ဆရာမများက မတ် ၃၁ ရက်အထိ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အေးမဉ္ဇူ



# သထုံခရိုင်၌ အခြေခံပန်းချီသင်တန်းဖွင့်

သထုံ မတ် ၉

မွန်ပြည်နယ် သထုံခရိုင် ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယနေ့ နံနက်ပိုင်းက ကျောင်းသား ကျောင်းသူများအတွက် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ဖွင့်လှစ်သည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သထုံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် သင်တန်းနည်းပြ ပန်းချီပညာရှင် ဦးအောင်ဆန်းက အခြေခံပန်းချီပညာရပ်အား နားလည်ပြီး ကြံဆရေးဆွဲနိုင်ခြင်းဖြင့် ကျောင်းသားကျောင်းသူများ ပညာရေး၊ ကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသုံးဝင်မှုများနှင့် ပန်းချီပညာရပ်၏ အကျိုးကျေးဇူးများ၊ နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်ကာလများ၌ အခြေခံပန်းချီသင်တန်း ဖွင့်လှစ်ပေးနေမှုများကို ရှင်းလင်းပြောကြားကာ သင်တန်းကို ဆက်လက်ပို့ချသည်။

အဆိုပါသင်တန်းသို့ ကျောင်းသား ကျောင်းသူ ၃၀ ခန့် တက်ရောက်ကြပြီး ပန်းချီပညာရှင် နည်းပြနှစ်ဦးတို့က အခြေခံပန်းချီ စနစ်တကျရေးဆွဲနည်းတို့ကို ရက်သတ္တတစ်ပတ်ကြာ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မြေစာရင်းပုံစံ (၁၀၅/၁၀၆) QR Code စနစ်ထည့်သွင်းအသုံးပြုနိုင်ရေး သင်တန်းဖွင့်လှစ်



မန္တလေး မတ် ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန မန္တလေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ ကျင်းပပြုလုပ်သော မြေစာရင်းပုံစံ(၁၀၅/၁၀၆) QR Code စနစ်ထည့်သွင်းအသုံးပြုနိုင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးညွန့်ဝင်းက ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ထိန်းသိမ်းထားသည့် မြေပုံနှင့်မှတ်ပုံတင်စာရင်းများကို စာရင်းမြေပုံကောက်နုတ်ချက် မိတ္တူရေးကူးပေးရန် လျှောက်ထားလာပါက မြေစာရင်းပုံစံ(၁၀၅)နှင့် မြေရာဇဝင်(၁၀၆)တို့ကို တည်ဆဲအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ရေးကူးဆောင်ရွက်ပေးရကြောင်း၊ မြေစာရင်းပုံစံ(၁၀၅/၁၀၆)ပေါ်တွင် QR Code စနစ်ထည့်သွင်းအသုံးပြုခြင်းကို Internet Access ရရှိသည့် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးများအားလုံးတွင် ဧပြီ ၁ ရက်မှစတင်၍ အသုံးပြုရမည်ဖြစ်ပြီး ကျန်မြို့နယ်ရုံးများသည် ယခင်ထုတ်ပေးထားသည့် နည်းလမ်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများသည် အချက်အလက်များ မှန်ကန်မှု ရှိမရှိ သေချာစွာတိုက်ဆိုင်စစ်ဆေး အတည်ပြုလက်မှတ်ရေးထိုးရမည်ဖြစ်၍ ယခုပို့ချလျက်ရှိသည့် သင်ခန်းစာများကို သေချာစွာ လိုက်နာမှတ်သားသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲမှ ဦးစီးအရာရှိ ဦးကိုကိုအောင်မျိုးညွန့်က မြေစာရင်းပုံစံ(၁၀၅/၁၀၆) QR Code စနစ် ထည့်သွင်းအသုံးပြုခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၄ မြို့နယ်မှ သင်တန်းသား ၆၉ ဦး တက်ရောက်ကြပြီး သင်တန်းကို နှစ်ရက်ကြာသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင်အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန်လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင် ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့်ယာဉ် အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင် ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# မိုဘိုင်းဖုန်းတစ်လုံးတွင် ပါဝင်သည့် IMEI ၏ အရေးပါမှုများ

အင်ကြင်းစံ

မိုဘိုင်းစက်ပစ္စည်းတစ်ခုချင်းစီအတွက် သီးသန့်သတ်မှတ်ထားသည့် နံပါတ်စဉ်ဖြစ်သော IMEI သည် ယနေ့ခေတ် ဒစ်ဂျစ်တယ်ကမ္ဘာတွင် အလွန်အရေးပါလှပါသည်။ မိုဘိုင်းလက်ကိုင်ဖုန်းလုံခြုံရေးနှင့် တရားဝင်ဖြစ်မှုမှစ၍ အခြားနိုင်ငံ၏ မိုဘိုင်းကွန်ရက်ကို ချိတ်ဆက်အသုံးပြုနိုင်သည့်နည်းပညာ (နိုင်ငံတကာ Roaming) ကို အသုံးပြုနိုင်ရန်အထိ IMEI သည် မိုဘိုင်းနည်းပညာတွင် အရေးကြီးသောအခန်းကဏ္ဍတစ်ခု၌ ပါဝင်နေပါသည်။

> နောင်တွင် မိုဘိုင်းဟန်းဆက်တစ်လုံးဝယ်ယူမည်ဆိုပါက IMEI နံပါတ်ကို စစ်ဆေးရန် အလွန်အရေးကြီးပါသည်။ IMEI နံပါတ်ကို မစစ်ဆေးဘဲဝယ်ယူမိပါက မိမိဝယ်ယူသည့် မိုဘိုင်းဟန်းဆက်သည် ခိုးယူထားခံရခြင်း၊ ကျသင့်အခွန်မပေးဆောင်ရသေးသဖြင့် ကာလတိုသာ အသုံးပြုနိုင်ခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်မကိုက်ညီသော အတုထုတ်လုပ်ထားသည့်ဖုန်း (Clone Phone) ဖြစ်၍ အချိန်ကာလတစ်ခုအထိသာ တရားဝင်အသုံးပြုခွင့်ရှိနေခြင်းတို့ကို ကြုံတွေ့နိုင်ပါသည်။ ထို့ပြင် IMEI နံပါတ်သည် ဟန်းဆက်ပျောက်ဆုံးလျှင် CEIR စနစ်မှတစ်ဆင့် ပိတ်သိမ်းနိုင်ရန် အသုံးပြုနိုင်သည့် အရေးကြီးဆုံးလုံခြုံရေးနံပါတ်တစ်ခုလည်းဖြစ်ခြင်းတို့ကြောင့် မိုဘိုင်းဖုန်းဝယ်ယူလျှင် IMEI နံပါတ်ကို အလေးထားစစ်ဆေးသင့်

IMEI ၏ အရေးပါမှုကို သိရှိနားလည်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ မိုဘိုင်းစက်ပစ္စည်းများကို ကာကွယ်နိုင်သကဲ့သို့ မိုဘိုင်းအသုံးပြုမှုအတွေ့အကြုံကောင်းများကိုလည်း ရရှိနိုင်စေမည်ဖြစ်ရာ IMEI အကြောင်းကို တတ်စွမ်းသမျှ လေ့လာတင်ပြလိုပါသည်။

**IMEI ဆိုတာဘာလဲ**

အပြည်ပြည်ဆိုင်ရာ မိုဘိုင်းလက်ကိုင်ဖုန်း၏ သက်သေခံအမှတ်အသား (International Mobile Equipment Identity – IMEI) ဆိုသည်မှာ တရားဝင်အသုံးပြုခွင့်ရှိပြီး စံချိန်စံညွှန်းနှင့်ကိုက်ညီသော မိုဘိုင်းဖုန်းတစ်လုံးချင်းစီအတွက် သီးသန့်သတ်မှတ်ထားသော ထူးခြားသည့် ဂဏန်း ၁၅ လုံး သို့မဟုတ် ၁၆ လုံးပါ **နံပါတ်**တစ်ခုဖြစ်ပါသည်။ ယင်း**နံပါတ်**ကို ကမ္ဘာလုံးဆိုင်ရာ မိုဘိုင်းဆက်သွယ်ရေးအဖွဲ့အစည်း(GSMA) က သတ်မှတ်ပေးခြင်းဖြစ်ပါသည်။ IMEI နံပါတ်အား ကမ္ဘာတစ်ဝန်းရှိ တရားဝင်ထုတ်လုပ်ထားသည့် မိုဘိုင်းလက်ကိုင်ဖုန်းတစ်လုံးစီတွင် ကိုယ်ပိုင် IMEI အဖြစ်ပါဝင်ပြီး မိုဘိုင်းဆက်သွယ်ရေးကွန်ရက်အတွင်း သုံးစွဲသူတစ်ဦးချင်းစီနှင့် ဆက်သွယ်နိုင်ရေး ခွဲခြားသတ်မှတ်ရာ၌ အသုံးပြုပါသည်။

မိုဘိုင်းဟန်းဆက်သက်သေခံမှတ်ပုံတင်စနစ် (Equipment Identity Register– EIR) ဆိုသည်မှာ တရားဝင်အသုံးပြုခွင့်ရှိသော မိုဘိုင်းဟန်းဆက်များ၏ IMEI နံပါတ်များ ထည့်သွင်းထားသော ဒေတာဘေ့စ် (Database) ပါဝင်သည့်မှတ်တမ်းကို ဆိုလိုပါသည်။ ထို့ကြောင့် EIR စနစ်သည် ဖုန်းခေါ်ဆိုခြင်း သို့မဟုတ် စာတို (SMS) ပေးပို့ခြင်းတို့ကို တရားဝင်အသုံးပြုခွင့်ရရှိထားသည့် မိုဘိုင်းဟန်းဆက်မှ ဖုန်းခေါ်ဆိုခြင်း/ စာတိုပေးပို့ခြင်း ဟုတ်၊ မဟုတ်တို့အား IMEI နံပါတ်ကိုအသုံးပြု၍ မိုဘိုင်းဆက်သွယ်ရေးကွန်ရက်မှ စစ်ဆေးပေးနိုင်ခြင်းဖြစ်ပါသည်။

> မိုဘိုင်းဟန်းဆက်ကိုဖြစ်စေ၊ မိုဘိုင်းဆက်သွယ်ရေးပစ္စည်းကိုဖြစ်စေ သုံးစွဲကြသူများအနေဖြင့် မိမိဝယ်ယူအသုံးပြုသည့် မိုဘိုင်းပစ္စည်း၏ IMEI နံပါတ်ကို မှတ်သားထားရန်၊ အသစ်ဝယ်သည့်ဖုန်း၏ IMEI နံပါတ်ကိုတရားဝင်ဖြစ်/ မဖြစ်စစ်ဆေးရန်ဟူသည့် အချက်များမှာ အလွန်အရေးကြီးကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခက်အခဲများကြားမှ အများပြည်သူတို့၏ အကျိုးစီးပွားကို စောင့်ရှောက်နိုင်ရန် နည်းပညာပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိ

**IMEI ကနေ မိုဘိုင်းဖုန်းအသုံးပြုသူရဲ့ ကိုယ်ရေးအချက်အလက်များကို သိနိုင်ပါသလား**

IMEI နံပါတ်များသတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ စံချိန်စံညွှန်းနှင့်ကိုက်ညီသော မိုဘိုင်းဟန်းဆက်များနှင့်သက်ဆိုင်သည့် အချက်အလက်များကို မိုဘိုင်းဟန်းဆက်ကုမ္ပဏီ/ ထုတ်လုပ်သူ (Maker)၊ အမှတ်တံဆိပ် (Brand)၊ မော်ဒယ် (Model)၊ ထုတ်လုပ်သည့်နိုင်ငံ စသည့်အချက်များကို သိရှိနိုင်ရန် ခွဲခြားသတ်မှတ်ထားခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် IMEI တွင်ပါဝင်သည့် အချက်အလက်များသည် ဖုန်းထုတ်လုပ်သည့်အချိန်ကတည်းက ထည့်သွင်းထားသော အချက်အလက်များဖြစ်ပြီး ဖုန်းပိုင်ရှင်၏ အမည်၊ လိပ်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် SIM ကတ်ပေါ်ရှိ ဖုန်းနံပါတ်အစရှိသော အသုံးပြုသူနှင့်သက်ဆိုင်သည့် အချက်အလက်များ ပါဝင်ခြင်းမရှိပါ။

**IMEI နံပါတ်ကို ဘယ်လို သိနိုင်မလဲ**

မိုဘိုင်းဟန်းဆက်မှတစ်ဆင့် IMEI နံပါတ်ကို စစ်ဆေးကြည့်ရှုရန် အလွယ်ကူဆုံးနည်းမှာ ဖုန်းထဲတွင် *#06# ဟု ရိုက်ထည့်၍ ဖုန်းခေါ်ဆိုခြင်းဖြစ်ပြီး မိုဘိုင်းဖုန်း၏ Settings သို့ ဝင်ရောက်၍ About Phone ခေါင်းစဉ်အောက်တွင်လည်း စစ်ဆေးကြည့်ရှုနိုင်ပါသည်။ ထို့ပြင် မိုဘိုင်းဖုန်း (ဟန်းဆက်) အသစ်ဖြစ်ပါက မိုဘိုင်းဖုန်းဘူးခွံပေါ်တွင်လည်း IMEI နံပါတ်ကို တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ SIM Card နှစ်ခုထည့်သုံးနိုင်သည့် (Dual–SIM) ဖုန်းများတွင် SIM Slot တစ်ခုချင်းစီအတွက် သီးခြားနံပါတ် တစ်ခုစီဖြင့် IMEI နံပါတ်နှစ်ခု ဖော်ပြပါသည်။

**IMEI က ဘာကြောင့် အရေးကြီးတာလဲ**

IMEI နံပါတ်များသည် မိုဘိုင်းဟန်းဆက်ပျောက်ဆုံးသွားလျှင်ဖြစ်စေ၊ ခိုးယူခံရလျှင်ဖြစ်စေ မသမာသူတစ်ဦးမှ အသုံးပြုနိုင်ခြင်းမရှိစေခြင်းဖြင့် ပြန်လည်ရရှိစေရေး အထောက်အကူပြုနိုင်စွမ်းရှိပါသည်။ ဆိုလိုသည်မှာ မိုဘိုင်းဟန်းဆက်ခိုးယူခံရသူသည် IMEI နံပါတ်အထောက်အထားများဖြင့် ခိုးယူခံရမှုအား မိုဘိုင်းအော်ပရေတာများရှိ EIR အားလုံးကို စုစည်းထားသည့် ဗဟိုမှတ်တမ်း (Central Equipment Identity Register– CEIR) စနစ်တွင် စစ်ဆေးနိုင်ရန် ပေးပို့တိုင်ကြားနိုင်ပါသည်။ ထိုသို့တိုင်ကြားသည့်အခါ CEIR စနစ်ဖြင့် ခိုးယူခံရသည့်ဟန်းဆက်အား ခိုးယူသူက ဆက်လက်အသုံးပြု၍ မရစေရန် ယာယီဖြစ်စေ၊ အမြဲဖြစ်စေ ပိတ်သိမ်းပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် အခြားနိုင်ငံများနှင့်ချိတ်ဆက်၍ မိုဘိုင်းအော်ပရေတာများရှိ EIR များတွင်လည်း အသုံးပြုနိုင်ခြင်းမရှိစေရန် လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

**မိုဘိုင်းဖုန်းဝယ်ရင် IMEI ကို ဘာကြောင့် စစ်သင့်တာလဲ**

နောင်တွင် မိုဘိုင်းဟန်းဆက်တစ်လုံးဝယ်ယူမည်ဆိုပါက IMEI နံပါတ်ကို စစ်ဆေးရန် အလွန်အရေးကြီးပါသည်။ IMEI နံပါတ်ကို မစစ်ဆေးဘဲဝယ်ယူမိပါက မိမိဝယ်ယူသည့် မိုဘိုင်းဟန်းဆက်သည် ခိုးယူထားခံရခြင်း၊ ကျသင့်အခွန်မပေးဆောင်ရသေးသဖြင့် ကာလတိုသာ အသုံးပြုနိုင်ခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်မကိုက်ညီသော အတုထုတ်လုပ်ထားသည့်ဖုန်း (Clone Phone) ဖြစ်၍ အချိန်ကာလတစ်ခုအထိသာ တရားဝင်အသုံးပြုခွင့်ရှိနေခြင်းတို့ကို ကြုံတွေ့နိုင်ပါသည်။ ထို့ပြင် IMEI နံပါတ်သည် ဟန်းဆက်ပျောက်ဆုံးလျှင် CEIR စနစ်မှတစ်ဆင့် ပိတ်သိမ်းနိုင်ရန် အသုံးပြုနိုင်သည့် **အရေးကြီးဆုံးလုံခြုံရေးနံပါတ်**တစ်ခုလည်းဖြစ်ခြင်းတို့ကြောင့် မိုဘိုင်းဖုန်းဝယ်ယူလျှင် IMEI နံပါတ်ကို အလေးထားစစ်ဆေးသင့်ပါသည်။

**IMEI နံပါတ်ကို ဘယ်လို စစ်ဆေးရမှာလဲ**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံအလိုက် အသုံးပြုနေသည့် ဆက်သွယ်ရေးကွန်ရက်ဆိုင်ရာစနစ်များမှတစ်ဆင့် ဝင်ရောက်၍ IMEI နံပါတ်မှန်ကန်မှုရှိ/မရှိကို စစ်ဆေးကြပါသည်။ (ဥပမာ–ထိုင်းနိုင်ငံတွင် NBTC စနစ်၌ စစ်ဆေးနိုင်ပါသည်။) မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ IMEI နံပါတ်ကို စစ်ဆေးနိုင်မည့် CEIR စနစ်အား စတင်ချိန်တွင် IMEI နံပါတ်မှန်ကန်မှု ရှိ/မရှိကို စစ်ဆေးနိုင်မည်ဖြစ်ပါသည်။

အချုပ်ဆိုရပါက မိုဘိုင်းဟန်းဆက်ကိုဖြစ်စေ၊ မိုဘိုင်းဆက်သွယ်ရေးပစ္စည်းကိုဖြစ်စေ သုံးစွဲကြသူများအနေဖြင့် မိမိဝယ်ယူအသုံးပြုသည့် မိုဘိုင်းပစ္စည်း၏ IMEI နံပါတ်ကို မှတ်သားထားရန်၊ အသစ်ဝယ်သည့်ဖုန်း၏ IMEI နံပါတ်ကိုတရားဝင်ဖြစ်/မဖြစ်စစ်ဆေးရန်ဟူသည့်အချက်များမှာ အလွန်အရေးကြီးကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခက်အခဲများကြားမှ အများပြည်သူတို့၏ အကျိုးစီးပွားကို စောင့်ရှောက်နိုင်ရန် နည်းပညာပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ နည်းပညာပိုင်းဆိုင်ရာပြောင်းလဲမှုအသစ်များဖြင့် အခြားနိုင်ငံများနည်းတူ မိုဘိုင်းဟန်းဆက်မှတ်ပုံတင်ခြင်း စတင်ချိန်တွင် အတူလိုက်ပါဆောင်ရွက်ရမည့် ပြည်သူများ ကြိုတင်သတိပြုနိုင်ရန်နှင့် နေ့စဉ်အသုံးပြုသော မိုဘိုင်းဟန်းဆက်များနှင့် စပ်လျဉ်းသည့် ဗဟုသုတပိုမိုရရှိစေရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ယနေ့ခေတ်ဒစ်ဂျစ်တယ်ကမ္ဘာတွင် အလွန်အရေးပါလှသည့် IMEI ၏ အကြောင်းကို လေ့လာမိသမျှ ပြန်လည်မျှဝေဖော်ပြအပ်ပါသည်။ ။

# ဟားခါးမြို့၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနား ကျင်းပ

ဟားခါး မတ် ၉

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က မြန်မာနိုင်ငံသည် အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCEDAW) ကို ၁၉၉၇ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၅၃ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သဖြင့် အမျိုးသမီးကဏ္ဍ လွန်စွာအရေးပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့် မဟာဗျူဟာစီမံကိန်းကို စနစ်တကျ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအဆင့် မဟာဗျူဟာစီမံကိန်းတွင် အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု၊ အမျိုးသမီးများနှင့် ပညာရေး၊ လေ့ကျင့်သင်ကြားရေး၊ အမျိုးသမီးများနှင့် ကျန်းမာရေး၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ၊ အမျိုးသမီးများနှင့် စီးပွားရေး၊ အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ရေး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းယန္တရားများ၊ အမျိုးသမီးများနှင့် လူ့အခွင့်အရေး၊ အမျိုးသမီးများနှင် မီဒီယာ၊ အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်နှင့် အမျိုးသမီးငယ်ရွယ်များ စသည့် အဓိကလုပ်ငန်းနယ်ပယ် (၁၂) ရပ်ပါဝင်ကြောင်း၊ ဤမဟာဗျူဟာစီမံကိန်းများ အောင်မြင်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် တာဝန်ရှိကြောင်း ၊ ယခုနှစ်အတွက် ကုလသမဂ္ဂက သတ်မှတ်ပေးသည့်ဆောင်ပုဒ်မှာ "တရားမျှတမှုနှင့် အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက် ဆောင်ရွက်ပေး "ဖြစ်သည့်အတွက်ဆောင်ပုဒ်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းပါဝင် ဆောင်ရွက်ရန် တာဝန်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏သဝဏ်လွှာနှင့် မှတ်တမ်းဗီဒီယိုကလစ်ပြသခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းဦးရေ ၁၂၉၀ ကျော်ရှိ

ပခုက္ကူ မတ် ၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းသူ ကျောင်းသား ကျောင်းသူ ၁၂၉၀ ကျော်ရှိပြီး စာစစ်ဌာနနှစ်ခုဖွင့်လှစ်ထားကြောင်း သိရသည်။

ပခုက္ကူမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပနိုင်ရေး မြို့ပေါ်ရပ်ကွက်ရှိအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ဝါဓီ)တို့တွင် စာစစ်ဌာန နှစ်ခုဖွင့်လှစ်ထားမည်ဖြစ်ပြီး စာမေးပွဲဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားသူအနေဖြင့် အတွင်းဖြေ ကျောင်းသား ၄၁၁ ဦး၊ ကျောင်းသူ ၆၁၆ ဦး၊ အပြင်ဖြေ ကျောင်းသား ၁၂၆ ဦး၊ ကျောင်းသူ ၁၃၈ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၂၉၁ ဦးရှိကြောင်း၊ ဘာသာတွဲများအနေဖြင့် သိပ္ပံတွဲ၊ ဘောဂတွဲ၊ ဝိဇ္ဇာတွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ၏ စာစစ်ဌာနကြီးကြပ်ရေးမှူးများအနေဖြင့် စာမေးပွဲဆိုင်ရာ လုပ်ငန်းများ စနစ်တကျရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားထားကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်ခင်တိုးဝင်းက ပြောသည်။

ထို့အပြင် စာစစ်ဌာနများတွင် တာဝန်ယူဆောင်ရွက်ကြမည့် ကြီးကြပ်ရေးမှူးများနှင့် တွဲဖက်ကြီးကြပ်ရေးမှူးများ၊ တာဝန်ရှိသူများအနေဖြင့် စာမေးပွဲလုပ်ငန်းများနှင့်စပ်လျဉ်းပြီး မေးခွန်းများထုတ်ယူသည့်အချိန်မှစတင်ကာ စာစစ်ဌာနများသို့ အချိန်မီရောက်ရှိစေရေး၊ စာမေးပွဲဖြေဆိုနေစဉ်နှင့် စာမေးပွဲကာလအတွင်းလုံခြုံရေး၊ အဖြေလွှာများ ပြန်လည်အပ်နှံပို့ဆောင်ရေးကဏ္ဍအထိ အောင်မြင်ချောမွေ့စွာနှင့် လုံခြုံရေးအထူးသတိရှိစွာ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနကထုတ်ဝေသော တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာ လုပ်ငန်းလက်စွဲအတိုင်း ကျောင်းသား ကျောင်းသူများ လုံခြုံစိတ်ချစွာ၊ စိတ်အေးချမ်းမြေ့စွာဖြင့် စာမေးပွဲပြီးဆုံးသည်အထိ ဖြေဆိုနိုင်ရေး၊ အောင်ချက်ရာခိုင်နှုန်းမြင့်မားရေး ခရိုင်/ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများအလိုက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

## မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ခဲပန်းချီသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်

မကွေး မတ် ၉

မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နွေရာသီကျောင်းပိတ်ရက်ကာလတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ခဲပန်းချီသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများကို ယနေ့နံနက်ပိုင်းမှစ၍ အခမဲ့ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

**လက်တွေ့သင်ကြား**

ဦးစွာ မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က ယခုသင်တန်းများတွင် သင်ကြားပေးသည့်ပညာရပ်များကို သေချာလေ့လာမှတ်သားစေလိုကြောင်း ပြောကြားကာ ပန်းချီကျွမ်းကျင်ပညာရှင် ဦးသူရိန်မြိုင်နှင့် ပန်းချီပညာရှင်များက ခဲပန်းချီရေးဆွဲနည်းများကို လက်တွေ့သင်ကြားပေးသည်။ မွန်းလွဲပိုင်းတွင် အင်္ဂလိပ်စာနည်းပြဆရာများက အင်္ဂလိပ်စာသင်တန်းများကို စာတွေ့၊ လက်တွေ့သင်ကြားပေးသည်။

အဆိုပါသင်တန်းများကို မတ် ၉ ရက်မှ ၃၀ ရက်အထိ ရက်သတ္တသုံးပတ်ကြာ အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး မကွေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၅၇ ဦးတို့ သင်ကြားလျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**



- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါ ဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမွေးခြင်းမပြုရန်၊
(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၈) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၉) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

### ရေချွေတာရေးနည်းလမ်းများ

- ❖ **သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။**
- ❖ **သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။**
- ❖ **ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။**
- ❖ **ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

# ကြိုတင်ကာကွယ် မီးဘေးအန္တရာယ်...

လင်းလင်း



ဖေဖော်ဝါရီ ၂၅ ရက်က ပျဉ်းမနားမြို့ အာဟာရသုခဈေး မီးလောင်ကျွမ်းမှုဖြစ်ပွားစဉ်။

"မိဘတွေအနေနဲ့ လာမယ့်အနာဂတ်မှာ မိမိတို့ရဲ့ရင်သွေး သားသမီးတွေကို ဘယ်လိုလူနေမှုဘဝတွေဖန်တီးပေးပြီး ပုံဖော်ထုဆစ်လိုပါသလဲ" ဒီလိုမေးလာရင် အဖြေကတော့သေချာပါတယ်။ ပိုမိုကောင်းမွန်တဲ့ပညာရေး၊ ကျန်းမာရေး၊ အာမခံချက်ရှိတဲ့ လူနေမှုဘဝတွေ၊ ပြည့်စုံကြွယ်ဝတဲ့ အနာဂတ်တွေကိုပေးချင်တာ မိဘတိုင်းရဲ့ဆန္ဒ၊ စေတနာဖြစ်ပါတယ်။ ဒါဆိုရင် နှစ်ရှည်လများက စုဆောင်းထားရှိတဲ့ မိမိတို့ရဲ့ပစ္စည်းဥစ္စာတွေ မပွန်းပဲ့ရလေအောင် ပိုင်ဆိုင်သမျှအားလုံးကို မိနစ်ပိုင်းအတွင်း မီးလျှံထဲပြာချသွားနိုင်တဲ့ ရန်သူဖြစ်တဲ့ ဘေးအန္တရာယ်တစ်ခုကို အထူးသတိပြုဖို့လိုပါတယ်။

**မီးလောင်မှုဖြစ်ပွားစေတဲ့အကြောင်းရင်းများ**

မီးလောင်မှုတစ်ခုက မိနစ်ပိုင်းအတွင်း နှစ်ပေါင်းများစွာ အားထုတ်တည်ဆောက်ထားတာတွေကို ပြာပုံဘဝသို့ ပြောင်းလဲသွားစေနိုင်ပါတယ်။ မီးဘေးက လူ့အသက်အိုးအိမ်စည်းစိမ်တွေကို ခြိမ်းခြောက်နိုင်တဲ့ ဘေးအန္တရာယ်တစ်ခုဖြစ်ပြီး လူတို့ရဲ့ပေါ့ဆမှု၊ မေ့လျော့မှုနဲ့ သဘာဝအခြေအနေတွေကြောင့် ကြုံတွေ့ရတတ်ပါတယ်။

အိမ်သုံးလျှပ်စစ်ပစ္စည်းတွေ အရည်အသွေးမပြည့်မီတာ(ဝိုင်ယာရှော့ခ်)၊ မိုးကြိုးပစ်တာ၊ နေအပူကြောင့် ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုမှာ သစ်ပင်သစ်တောတွေ တောမီးလောင်တာစတဲ့ သဘာဝအကြောင်းတရားတွေကြောင့် ဖြစ်ပွားတတ်တဲ့ သဘာဝမီး၊ ဓာတုပစ္စည်းတွေ သိုလှောင်သိမ်းဆည်းရာမှ ဓာတ်ပြုလောင်ကျွမ်းတတ်တဲ့မီးနဲ့ မသမာသူရှို့မီး၊ မီးဖိုမီး၊ ပေါ့ဆမီးဆိုပြီး မီးလောင်မှုဖြစ်ပွားစေတတ်တဲ့ အကြောင်းရင်းတွေ ရှိတတ်ပါတယ်။

ဖေဖော်ဝါရီလ ၂၅ ရက် ညပိုင်းက ဖြစ်ပွားခဲ့တဲ့ ပျဉ်းမနားမြို့နယ် အာဟာရသုခဈေး မီးလောင်မှုဖြစ်စဉ်ကိုကြည့်မယ်ဆိုရင် ဈေးရုံလျှောက်လမ်းမှာ ထွန်းထားတဲ့ လုံခြုံရေးမီး(LED) အပူလွန်ရှော့ခ်ဖြစ်ရာကနေ ကုန်ခြောက်ဆိုင်တစ်ဆိုင်ရဲ့ မိုးကာပေါ်ကို မီးပွားကျကာ မီးစတင်လောင်ကျွမ်းခဲ့ရပါတယ်လို့ သိရပါတယ်။ ဈေးဆိုင်ခန်း ၂၄၀ ခန့် မီးလောင်ကျွမ်းခံရပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးငွေကျပ် သန်း ၁၂၀၀ ခန့်ရှိကြောင်း သိရှိရပါတယ်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် လှိုင်ရတနာဈေး(ခ)ဘာတာဈေး ဈေးရုံအမှတ်(၁၁)ရဲ့ အတွင်းလျှောက်လမ်းမှာ ဈေးလုံခြုံရေးအတွက် ထွန်းထားတဲ့ LED မီးလုံးဆားကစ်ပြားရှော့ခ်ဖြစ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရပါတယ်။ ထိခိုက်ဒဏ်ရာရရှိမှု၊ လူအသေအပျောက်မရှိခဲ့ပေမယ့် ဆိုင်ခန်းပေါင်း ၃၄၈ ခန်း မီးလောင်ကျွမ်းခဲ့ရပြီး ဆုံးရှုံးမှုတန်ဖိုး ၁၂၅ ဒသမ ၉ သန်းရှိခဲ့တယ်လို့ မီးသတ်ဦးစီးဌာနရဲ့ ထုတ်ပြန်ချက်တွေအရ သိရပါတယ်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်က စတိုးဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်စဉ်မှာ အိပ်ရာအနီး ခြင်ဆေးခွေထွန်းထားရာမှ အနီးရှိအဝတ်အစားတွေအပေါ် မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ရပြီး ဆိုင်ရှင်ညီအစ်မနှစ်ဦး အသက်ဆုံးရှုံးခဲ့ရပါတယ်။

မီးလောင်မှုဖြစ်စဉ်တွေကို လေ့လာကြည့်မယ်ဆိုရင် မီးဘေးအန္တရာယ်ဖြစ်ပွားစေတဲ့ အကြောင်းရင်းများစွာရှိတဲ့အနက် လျှပ်စစ်(ဝိုင်ယာရှော့ခ်)နဲ့ ပေါ့ဆမီးကြောင့်ဖြစ်ပွားတဲ့ မီးလောင်မှုက အကြိမ်ရေ အများဆုံးဖြစ်နေတာ တွေ့ရပါတယ်။

> **"ဈေးတွေက ပြည်သူတို့ရဲ့အရင်းအနှီးတွေ စုစည်းထားရှိတဲ့နေရာဖြစ်ပါတယ်။ မြို့ပြတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူပြုတဲ့ကုန်စည်တွေ လည်ပတ်စီးဆင်းရာ စီးပွားရေးအချက်အချာနေရာလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကအရေးကြီးတဲ့နေရာတွေဖြစ်ပြီး ဈေးတွေမီးလောင်မှုဖြစ်ပွားရင် အသက်အိုးအိမ်စည်းစိမ်တွေ၊ မြို့ပြရဲ့ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတွေအထိပါ ထိခိုက်နစ်နာဆုံးရှုံးရတဲ့အတွက် မီးလောင်မှုမဖြစ်ပေါ်စေရေး ဈေးတွေမှာ မီးဘေးလုံခြုံရေးစစ်ဆေးတာ၊ ဇာတ်တိုက်လေ့ကျင့်တာတွေကို မီးသတ်ဦးစီးဌာနက အရှိန်အဟုန်နဲ့ တိုးမြှင့်ဆောင်ရွက်"**

၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှုအကြိမ်ရေ ၁၀၁၈ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ်သန်း ၉၂၅၅ ဒသမ ၇၀ ရှိခဲ့ပါတယ်။ ဈေးတွေ မီးလောင်မှုအနေနဲ့ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့မှာ တစ်ကြိမ်စီ၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တို့မှာ နှစ်ကြိမ်စီ၊ ရှမ်းပြည်နယ်မှာ သုံးကြိမ်နဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ ငါးကြိမ် စုစုပေါင်း ၁၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄ ဒသမ ၃၁ သန်းခန့် ဆုံးရှုံးမှုရှိခဲ့တယ်လို့ သိရပါတယ်။

ဈေးတွေက ပြည်သူတို့ရဲ့ အရင်းအနှီးတွေ စုစည်းထားရှိတဲ့နေရာဖြစ်ပါတယ်။ မြို့ပြတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူပြုတဲ့ကုန်စည်တွေ လည်ပတ်စီးဆင်းရာ စီးပွားရေးအချက်အချာနေရာလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကအရေးကြီးတဲ့နေရာတွေဖြစ်ပြီး ဈေးတွေမီးလောင်မှုဖြစ်ပွားရင် အသက်အိုးအိမ်စည်းစိမ်တွေ၊ မြို့ပြရဲ့ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတွေအထိပါ ထိခိုက်နစ်နာဆုံးရှုံးရတဲ့အတွက် မီးလောင်မှုမဖြစ်ပေါ်စေရေး ဈေးတွေမှာ မီးဘေးလုံခြုံရေးစစ်ဆေးတာ၊ ဇာတ်တိုက်လေ့ကျင့်တာတွေကို မီးသတ်ဦးစီးဌာနက အရှိန်အဟုန်နဲ့ တိုးမြှင့်ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

**ကြိုတင်ကာကွယ်လို့ရနိုင်တဲ့ ဘေးအန္တရာယ်တစ်ခုဖြစ်**

အိုးအိမ်နဲ့ပစ္စည်းဥစ္စာသာမက အသက်အန္တရာယ်အထိပါ ခြိမ်းခြောက်တဲ့ အဖျက်စွမ်းအားကြီးမားပေမယ့် မီးဘေးက သဘာဝဘေးအန္တရာယ်တွေထဲမှာ ကြိုတင်ကာကွယ်လို့ရနိုင်တဲ့ ဘေးအန္တရာယ်တစ်ခုဖြစ်ပါတယ်။

မီးဘေးကြိုတင်ကာကွယ်ဖို့ ထမင်းဟင်းချက်တာ၊ မီးပူတိုက်တာ၊ အမှိုက်မီးရှို့တာစတဲ့ မီးနဲ့ပတ်သက်တဲ့၊ မီးလောင်စေနိုင်တဲ့ပစ္စည်းတွေ အသုံးပြုပြီးတိုင်း စနစ်တကျမီးငြိမ်းသတ်ဖို့ လိုပါတယ်။ မီးခြစ်အပါအဝင် မီးဖြစ်စေတဲ့ပစ္စည်းတွေကို ကလေးသူငယ်တွေနဲ့ လက်လှမ်းမမီတဲ့နေရာ၊ အပူရှိန်မရှိတဲ့နေရာတွေမှာ ထားရှိပါ။ ချက်ပြုတ်နေစဉ် မီးဖိုမှခွာမသွားဖို့၊ ကလေးတွေကို မီးနဲ့ ဝေးရာမှာနေစေဖို့ သတိရှိရပါမယ်။

အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံ၊ မီးလောင်လွယ်တဲ့နေရာတွေ၊ လောင်စာဆီတွေအနီးမှာ ခြင်ဆေးခွေထွန်းညှိထားတာ၊ ဖယောင်းတိုင်မီးထွန်းတာ၊ အမွှေးတိုင်ထွန်းညှိထားတာတွေ၊ ဘုရားရှိခိုးအပြီး လူစောင့်မရှိဘဲ မီးပူဇော်ထားတာတွေက မီးဘေးအန္တရာယ်ဖြစ်ပွားစေနိုင်ပါတယ်။

မြို့ပြနဲ့ ကျေးရွာတွေ၊ စက်ရုံအလုပ်ရုံ၊ ကျောင်း၊ ဈေး၊ လူနေအိမ်အဆောက်အအုံတွေမှာ လျှပ်စစ်ကြောင့် မီးလောင်မှုမဖြစ်ပွားစေရေး လျှပ်စစ်ပစ္စည်း၊ မီးကြိုးတွေရဲ့ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးဖို့၊ သွယ်တန်းမှုတွေမှာ စေ့စပ်သေချာစွာဆောင်ရွက်ဖို့၊ လျှပ်စစ်ဓာတ်အားကို ဝန်အားမျှတစွာအသုံးပြုကြဖို့၊ ဟောင်းနွမ်းဆွေးမြည့်နေတဲ့ လျှပ်စစ်ပစ္စည်းတွေ သုံးစွဲနေတာကို ရှောင်ကြဉ်ကြဖို့ လိုပါတယ်။

ရုံးဆင်းချိန်၊ ကျောင်းဆင်းချိန်တွေ၊ ဒါမှမဟုတ် နေအိမ်ကနေ အပြင်ကို အကြောင်းကိစ္စတစ်ခုခုကြောင့် သွားရတော့မယ်ဆိုရင် မထွက်ခွာမီမှာ မီးလောင်နိုင်တဲ့ ကိစ္စမှန်သမျှကို ဂရုပြုစစ်ဆေးပြီး သေချာမှသာ ထွက်ခွာသွားဖို့ အကြံပြုလိုပါတယ်။

အထပ်မြင့်အဆောက်အအုံတွေ၊ အများပြည်သူနဲ့ သက်ဆိုင်တဲ့ ဆေးရုံဆေးခန်း၊ ရုပ်ရှင်ရုံ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းတွေ မဆောက်လုပ်မီကတည်းက မီးဘေးအန္တရာယ်ကို ကြိုတင်တွက်ဆပြီး ကာကွယ်ရေးအစီအမံတွေ၊ မီးငြိမ်းသတ်ရေးပစ္စည်းတွေကို ပြည့်စုံအောင် ထည့်သွင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ စက်ရုံတွေ၊ စီမံကိန်း၊ အလုပ်ရုံတွေ၊ မီးဘေးအန္တရာယ်စိုးရိမ်ရတဲ့ လုပ်ငန်းတွေအတွက် ဆီသိုလှောင်ကန်နဲ့ မီးလောင်လွယ်တဲ့ပစ္စည်းတွေ၊ သိုလှောင်ရုံတွေ တည်ဆောက်တဲ့အခါ မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက် (Myanmar Fire Safety Code–2020) နဲ့အညီ စစ်ဆေးပြီး မီးသတ်ဦးစီးဌာနရဲ့ အကြံပြုချက်တွေအပေါ် လေးစားလိုက်နာဆောင်ရွက်ဖို့ လိုပါတယ်။

မီးသတ်ဦးစီးဌာနအနေနဲ့ မီးလောင်မှုဖြစ်ပွားရင် မြန်မြန်သိနိုင်ဖို့ မြို့နယ်အလိုက် ဆက်သွယ်ရေးစနစ်ကောင်းမွန်နေစေရေး၊ မီးသတ်ယာဉ်၊ စက်နဲ့ မီးသတ်ပစ္စည်းကိရိယာတွေကို လိုအပ်ချိန်မှာ စွမ်းအားပြည့် အသုံးချနိုင်ရေးအတွက် အသင့်ထားရှိဆောင်ရွက်လျက်ရှိတယ်လို့ ဆိုပါတယ်။

မီးလောင်မှုဖြစ်ပွားတဲ့အခါ လမ်းကျဉ်းတွေဖြစ်နေတာ၊ လျှပ်စစ်မီးကြိုး၊ တယ်လီဖုန်းကြိုးတွေနဲ့ ညအိပ်ယာဉ်တွေ၊ ကျူးကျော်တဲတွေ၊ လမ်းဘေးဈေးဆိုင်ခန်းတွေ မလွတ်ကင်းဘဲ ပိတ်ဆို့နေတာတွေကြောင့် မီးသတ်ယာဉ်တွေ မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်မှာ အခက်အခဲတွေဖြစ်ပေါ်ပြီး အချိန်ကြန့်ကြာမှုတွေဖြစ်တဲ့အတွက် ဆုံးရှုံးမှုတွေများပြားခဲ့ရတဲ့ သာဓကတွေလည်း ရှိပါတယ်။

ဒါကြောင့် လွယ်ကူလျင်မြန်စွာ ဝင်ထွက်ငြိမ်းသတ်နိုင်ရေး စီမံဆောင်ရွက်ကြဖို့လိုသလို ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတွေမှာ မီးလောင်စေတတ်တဲ့ အရာဝတ္ထုပစ္စည်းတွေကို ရှင်းလင်းထားဖို့ ထုတ်ပြန်ထားတာ တွေ့ရပါတယ်။

မီးသတ်စခန်းနဲ့ ဝေးကွာတဲ့ဒေသတွေမှာ အရေးပေါ်မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းတွေ၊ မီးချိတ်၊ မီးကပ်၊ ရေ၊ သဲစတာတွေကို အသင့်ထားရှိဖို့နဲ့ အလျင်အမြန် စုပေါင်းငြိမ်းသတ်နိုင်မယ့် နည်းလမ်းတွေကို နယ်မြေအလိုက် တီထွင်ကြံဆပြင်ဆင်ထားရှိဖို့ လိုပါတယ်။

မီးသတ်တပ်ဖွဲ့ဝင်တွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ မီးဘေးကာကွယ်ရေးအဖွဲ့အစည်းတွေအားလုံး စုပေါင်းလေ့ကျင့်မှုနဲ့ ပြည်သူတွေ ပူးပေါင်းပါဝင်လာစေဖို့ မီးလောင်မှုလျော့နည်းစေရေး ပညာပေးဟောပြောပို့ချတဲ့အစီအစဉ်တွေ၊ မီးဘေးအန္တရာယ်ဖြစ်ပွားပါက တုံ့ပြန်ဆောင်ရွက်ဖို့ လက်တွေ့သရုပ်ပြတာတွေကို အလေးထားဆောင်ရွက်နေတာလည်း တွေ့ရပါတယ်။

မီးဘေးက ကြိုတင်ကာကွယ်မှုနဲ့ ရှောင်လွှဲနိုင်တဲ့ ဘေးအန္တရာယ်ဖြစ်တဲ့အတွက် မီးဘေးကင်းရှင်းတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်ရာမှာ လူတိုင်းရဲ့တာဝန်ယူမှု၊ သတိရှိမှု၊ ပူးပေါင်းပါဝင်မှုတွေက အဓိကကျလှပါတယ်။

မီးဘေးကြိုတင်ကာကွယ်ခြင်းက မီးလောင်မှုဖြစ်ပွားမှ ငြိမ်းသတ်ခြင်း၊ ကယ်ဆယ်ခြင်းထက် ပိုမိုလွယ်ကူပြီး အဆုံးအရှုံးလည်းနည်းပါတယ်။ ပြည်သူတစ်ရပ်လုံးက မီးဘေးကြိုတင်ကာကွယ်ရေးနည်းလမ်းတွေကို သတိနဲ့လိုက်နာဆောင်ရွက်ကြမယ်ဆိုရင် မီးဘေးကြောင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုတွေကနေ ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် မီးလောင်မှုပိုမိုဖြစ်ပွားလေ့ရှိတဲ့ အခုလိုနွေကာလမှာ မိမိကိုယ်တိုင်နဲ့ ချစ်တဲ့ သားသမီး၊ မိသားစု၊ ရပ်ရွာ၊ ပတ်ဝန်းကျင် အနာဂတ်တွေလုပဖို့ သတိတရားနဲ့ဆင်ခြင်ပြီး မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။ ။

# ဘိုကလေးမြို့နယ်ရှိ ရွာတန်းရှည်-(ဖျာပုံ-ဘိုကလေး) ကားလမ်း ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

**ဘိုကလေး မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဘိုကလေးမြို့နယ် ဟိုင်းစီကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာနှင့် ဖျာပုံ - ဘိုကလေး ကားလမ်းသို့ ဆက်သွယ်ခင်းကျင်းခဲ့သည့် ရွာတန်းရှည်-(ဖျာပုံ-ဘိုကလေး)ကားလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအား (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်း၌ အဆိုပါ ကွန်ကရစ်လမ်းသစ်တွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်စန်းချစ်တို့ တက်ရောက် ဖွင့်လှစ်ခဲ့သည်။



အဆိုပါ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမင်းသိန်း၊ ဖျာပုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ကျော်မင်းယု၊ ဖျာပုံ ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဖျာပုံခရိုင် ဦးစီးမှူး ဦးမိုးမြင့် အပါအဝင် ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ကွန်ကရစ်လမ်းသစ်အား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှုခဲ့သည်။

ယခုဖွင့်လှစ်သည့် ရွာတန်းရှည်-(ဖျာပုံ-ဘိုကလေး)ကားလမ်း ကွန်ကရစ်လမ်းသစ်သည် လမ်းမိုင်အရှည် ၁ မိုင် သုည ဒသမ ၂ ဖာလုံ၊ လမ်းနယ်နိမိတ်အကျယ်ပေ ၃၀ ရှိပြီး ၂၀၂၅ ခုနှစ် ဇူလိုင်လမှစတင်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကွန်ကရစ်ခင်းခြင်း လုပ်ငန်းစတင်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် လုပ်ငန်းပြီးဆုံးခဲ့ကြောင်း၊ စီမံကိန်းတန်ဖိုးငွေ ၁၂၉ ဒသမ ၁၈၈ သန်း ရှိကြောင်း၊ အဆိုပါ လမ်းခင်းကျင်းခဲ့ခြင်းအားဖြင့် အကျိုးပြုရွာသုံးရွာ၊ အကျိုးပြုအိမ်ခြေ ၈၀၂ အိမ်၊ အကျိုးပြုလူဦးရေ ၃၁၈၇ ဦးရှိကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

---

☆ MFF မှ

၁၆ မှတ်စီ၊ Black Cross အသင်းက ကိုးမှတ် ရရှိခဲ့သည်။ ချန်ပီယံ Galaxy အသင်းနှင့် ဒုတိယရသည့် 7 Brother အသင်းတို့မှာ လာမည့် ရာသီ လိဂ်-၁ ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိခဲ့သည်။ Galaxy အသင်းသည် ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုကတည်းက ချန်ပီယံဆုရရှိထားခြင်းဖြစ်သည်။

**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးအသင်းဆုရရှိသော YRG Academy အသင်းအား ဆုဖလားနှင့် ဆုကြေးငွေကျပ် သုံးသိန်း၊ အကောင်းဆုံး ဂိုးသမားဆုရရှိသော 7 Brother အသင်းမှ မင်းခန့်ချစ်အား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ အကောင်းဆုံး ကစားသမားဆုရရှိသော Galaxy FC မှ အာကာကျော်အား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ စတုတ္ထဆုရရှိခဲ့သော Maryar NOKA FC အသင်းအား ဆုကြေးငွေကျပ် ၁၀ သိန်း၊ တတိယဆုရရှိသော ULAD FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုရရှိသော 7 Brother FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၃၀၊ ချန်ပီယံဆုရရှိခဲ့သော Galaxy FC အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၅၀ နှင့် ချန်ပီယံဆုဖလား ပေးအပ်ချီးမြှင့်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-MFF**

---

# နပန်း နည်းပြ/ဒိုင်လူကြီး (Coaching Course Level -1) သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် နပန်းနည်းပြ/ဒိုင်လူကြီး (Coaching Course Level -1) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ရုံးဟောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး နပန်း ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးနိုင်မြင့်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ်မှ နည်းပြ Mr.Mahabir Parsad၊ သင်တန်းနည်းပြ ဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ သင်တန်းသား သင်တန်းသူများက မိတ်ဆက်ဂါရဝပြုကာ မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်ဆန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် နပန်း၊ ဂျူဒိုကစားဖူးသူများ၊ မြန်မာ့လက်ရွေးစင် နပန်းကစားသမားများ၊ အသက် ၂၀ မှ ၄၅ နှစ်အကြားရှိသူများ၊ အခြေခံပညာအထက်တန်းအဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား သင်တန်းသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှ သင်တန်းသား သင်တန်းသူများ၊ မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ်မှ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၃၀ အား မတ် ၉ ရက်မှ ၁၃ ရက်အထိ စာတွေ့၊ လက်တွေ့နှင့် အရည်အချင်းစစ် စာမေးပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဗလ**

---

❂ တိုက်စစ်မှူးမှ

ကမ္ဘာ့အကောင်းဆုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ ဘလွန်းဒီအောဆုကို ရှစ်ကြိမ်ဆွတ်ခူးထားတဲ့ မက်ဆီဟာ ဘာစီလိုနာအသင်းနဲ့အတူ ၆၇၂ ဂိုး၊ ပီအက်စ်ဂျီအသင်းနဲ့အတူ ၃၂ ဂိုး၊ ကမ္ဘာ့ဖလားကို သုံးကြိမ်ဆွတ်ခူးထားတဲ့ အာဂျင်တီးနားအသင်းနဲ့အတူ ၁၁၅ ဂိုး သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူးမက်ဆီဟာ မတ် ၁၁ ရက်မှာ အင်တာမိုင်ယာမီအသင်းနဲ့ နက်ရှ်ဗီးလ်အသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ပွဲစဉ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့ပါက ကစားသမားဘဝ သွင်းဂိုး ၉၀၀ ပြည့်မြောက်မှာလည်းဖြစ်ပါတယ်။

တိုက်စစ်မှူးမက်ဆီနဲ့ ခေတ်ပြိုင်တိုက်စစ်မှူး စီရိုနယ်လ်ဒိုကတော့ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်းက ပေါ်တူဂီအသင်းနဲ့ ခရိုအေးရှားအသင်းတို့ပွဲစဉ်မှာ ကစားသမားဘဝ သွင်းဂိုး ၉၀၀ ပြည့်ခဲ့တာလည်းဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုဟာ လက်ရှိမှာ ကစားသမားဘဝတစ်လျှောက် သွင်းဂိုးစုစုပေါင်း ၉၆၅ ဂိုးသွင်းယူထားတာ ဖြစ်ပါတယ်။

**ငွေကြယ်**

---

# MNL ပြိုင်ပွဲတွင် သစ္စာအားမာန်နှင့် ဒဂုံစတားယူနိုက်တက် အမှတ်ခွဲယူ

**ရန်ကုန် မတ် ၉**

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၂၁ ပထမနေ့ကို မတ် ၉ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ နှစ်ဂိုးစီ သရေကျကာ အမှတ်ခွဲယူခဲ့သည်။

တန်းဆင်းဇုန်အန္တရာယ်မှ လွတ်မြောက်ရေး အမှတ်လိုနေသည့် သစ္စာအားမာန်အသင်း ရှန်းကန်ခဲ့ပြီး အနိုင်သုံးမှတ်ရယူနိုင်ခြင်းမရှိသော်လည်း သရေတစ်မှတ် ရယူခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် တတိယနေရာရရှိရန် သေချာပြီးဖြစ်သော်လည်း လက်ကျန်ပွဲများတွင် အမှတ်ရယူနိုင်ရန် ကြိုးပမ်းခဲ့သည်။

**ချေပဂိုးပြန်သွင်း**

ဒဏ်ရာရ ကစားသမားအချို့ရှိနေသည့် သစ္စာအားမာန်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများပြုလုပ်ခဲ့ပြီး ဒဂုံစတားယူနိုက်တက်အသင်းမှာမူ အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ၁၁ မိနစ်တွင် နောက်ခံလူ မိုကာလူးက ဒဂုံစတားယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ပထမပိုင်းပြီးခါနီး ၄၁ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်က သစ္စာအားမာန်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ၇၅ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်က လှပသည့် Volley ကန်ချက်ဖြင့် သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးပြန်သွင်းသော်လည်း နှစ်မိနစ်အကြာမှာပင် ချေပဂိုးပြန်ပေးခဲ့ရပြီး ထက်ဖြိုးဝေက ဒဂုံစတားယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ပွဲစဉ် ၂၁ ဒုတိယနေ့ကို မတ် ၁၀ ရက်တွင် သီဟဒီပကွင်း၌ ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ချစ်ကိုကို**

---

✻ မြန်မာမှ

မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းကို ဂျပန်နိုင်ငံသူ ကူမီကိုက ကိုင်တွယ်နေပြီး အာရှဖလားခြေစစ်ပွဲအောင်မြင်ပြီးနောက် အချိန်ယူလေ့ကျင့်ပြင်ဆင်ထားသလို ကစားသမားများအတွေ့အကြုံရစေရန် ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် Young Lionesses အသင်းအမည်ဖြင့် ယှဉ်ပြိုင်ခဲ့သည်။

၂၀၂၆ အာရှဖလား ယူ-၁၇ ပြိုင်ပွဲနောက်ဆုံးအဆင့်တွင် မြန်မာအသင်းက အုပ်စု(A)၌ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယအသင်းက အုပ်စု (B) ၌ ဂျပန်၊ ဩစတြေးလျ၊ လက်ဘနွန်အသင်းတို့နှင့် ကျရောက်နေသည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MFF**

---

# တိုက်ကြီးမြို့နယ်၌ စက်သုံးဆီခြိုးခြံချွေတာရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပ




**တိုက်ကြီး မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စက်သုံးဆီခြိုးခြံချွေတာရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်နှင့် ဒုတိယဦးစီးမှူး ဒေါ်ခင်နှင်းသက်တို့က စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ဖူလုံမှုရှိစေရေးအတွက် ပုဂ္ဂလိကယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များနှင့် ပို့ဆောင်ရေးယာဉ်များအနေဖြင့် သတ်မှတ်စည်းကမ်းချက်များနှင့် မောင်းနှင်သွားလာရေး၊ စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလမ်းညွှန်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# လောင်စာဆီဈေးနှုန်းကြီးမြင့်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် သီတင်းတစ်ပတ်လျှင် လေးရက်သာ အလုပ်လုပ်ကိုင်ရန် သတ်မှတ်

မနီလာ မတ် ၉

အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားသည့် ပဋိပက္ခ၏ အကျိုးသက်ရောက်မှုအရ လောင်စာဆီဈေးနှုန်းကြီးမြင့်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် သီတင်းတစ်ပတ်လျှင် လေးရက်သာ အလုပ်လုပ်ကိုင်ရန် သတ်မှတ်လိုက်ကြောင်း သမ္မတဖာဒီနန်မားကို့စ်က ပြောကြားသည်။



အဆိုပါ ပဋိပက္ခ၏ စီးပွားရေးဆိုင်ရာထိခိုက်မှုများကို သက်သာစေရေးအတွက် ဆောင်ရွက်သည့်အနေဖြင့် အစိုးရရုံးများတွင် ၎င်းသတ်မှတ်ချက်ကို မတ် ၉ ရက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ကြောင်း သမ္မတမားကို့စ်က ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းဒေသမှ ရေနံစိမ်းများကိုပြည်တွင်းသို့ အများဆုံး တင်သွင်းနေပြီး နိုင်ငံအတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှာလည်း လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ရာတွင် လောင်စာဆီကို အားပြုသုံးစွဲနေရသည်။

ယင်းပဋိပက္ခသည် အရှေ့အလယ်ပိုင်းဒေသတွင်သွားရောက် အလုပ်လုပ်နေသည့် ဖိလစ်ပိုင်နိုင်ငံသား နှစ်သန်းကျော်၏ အလုပ်တည်မြဲရေးနှင့် လုံခြုံရေးအတွက် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာကြောင်း သိရသည်။

အစိုးရဌာနများ အနေဖြင့် လောင်စာဆီနှင့် လျှပ်စစ်သုံးစွဲခြင်းကို ၂၀ ရာခိုင်နှုန်းအထိလျှော့ချရန် ၎င်းကညွှန်ကြားခဲ့သည်။ ရေနံစိမ်းဈေးနှုန်း ဆက်လက်မြင့်တက်လာပါက ရေနံထွက်ထုတ်ကုန်များအပေါ်တွင် အခွန်လျှော့ချသည့် လုပ်ပိုင်ခွင့်ကို မိမိအားအပ်နှင်းရန်နှင့် လောင်စာဆီဆိုင်ရာ ကုန်ကျစရိတ် သက်သာစေရေးအတွက် သမားရိုးကျလောင်စာဆီကို ဇီဝလောင်စာဆီနှင့် ရောစပ်သုံးစွဲခွင့်ပြုရေးအတွက် ဇီဝလောင်စာဆိုင်ရာဥပဒေကို ပြင်ဆင်ခွင့်ပြုရန် သမ္မတက ကွန်ဂရက်အား ပန်ကြားခဲ့သည်။

ယခုဖြစ်ပွားသည့် ပဋိပက္ခကြောင့် ထိခိုက်ခံစားခဲ့ရသည့် လုပ်ငန်းကဏ္ဍအားလုံးကို လောင်စာဆီ ထောက်ပံ့ခြင်းနှင့် ငွေကြေး ထောက်ပံ့ခြင်းများ ဆောင်ရွက်မည် ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ သီတင်းတစ်ပတ်လျှင် လေးရက်သာ လုပ်ငန်း ဆောင်ရွက်ရသည့် သတ်မှတ်ချက်သည် ယာယီသာဖြစ်ပြီး ၎င်းသတ်မှတ်ချက်တွင် မီးသတ်တပ်ဖွဲ့ဝင်နှင့်ရဲတပ်ဖွဲ့ဝင်များ အကျုံးမဝင်ကြောင်း သိရသည်။

**ကိုးကား – VN Express**
**ဘာသာပြန် – စိုးသူရ**

## အရှေ့အလယ်ပိုင်းပဋိပက္ခ၏ အကျိုးသက်ရောက်မှုကြောင့် လောင်စာဆီဈေးနှုန်းကြီးမြင့်လာခြင်းကို ဥရောပသမဂ္ဂ စောင့်ကြည့်

ဘရပ်ဆဲလ် မတ် ၉

အရှေ့အလယ်ပိုင်းပဋိပက္ခ၏ အကျိုးသက်ရောက်မှုကြောင့် လောင်စာဆီဈေးနှုန်း ကြီးမြင့်လာခြင်းကို ဥရောပသမဂ္ဂက စောင့်ကြည့်နေကြောင်း ဥရောပကော်မရှင် ပြောရေးဆိုခွင့်ရှိသူ အမ်နာကီဆာအိုင်ကိုနန်က မတ် ၉ ရက်တွင် ပြောကြားသည်။

ကမ္ဘာ့စွမ်းအင်ဈေးကွက်တွင် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားသည်။ သို့ရာတွင် ၎င်းပဋိပက္ခ၏ အကျိုးသက်ရောက်မှုများကြောင့် လက်ရှိအချိန်အထိ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် လောင်စာဆီနှင့် ဓာတ်ငွေ့ထောက်ပံ့ရေးဆိုင်ရာ အရေးပေါ်အခြေအနေများ ကြုံတွေ့ရခြင်းမရှိကြောင်း ၎င်းကပြောကြားသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် ရက်ပေါင်း ၉၀ အထိ သုံးစွဲနိုင်မည့် အရန်လောင်စာဆီများရှိကြောင်း ၎င်းကပြောကြားသည်။ စက်မှုထိပ်သီးခုနစ်နိုင်ငံ အစည်းအဝေးတွင် နိုင်ငံများအလိုက် အရန်လောင်စာဆီများ ထုတ်ယူသုံးစွဲရေး ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများ မြင့်တက်လာခြင်းကြောင့် ကမ္ဘာ့စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာပြီး အကျိုးဆက်အရ ငွေကြေးဖောင်းပွမှုကြောင့် ဥရောပစတော့ဈေးကွက်များ ကျဆင်းသွားခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



## မလေးရှားနိုင်ငံတွင် အားကစားရုံများ၏ လိုင်စင်ကြေး လျှော့ချကောက်ခံမည်

ကွာလာလမ်ပူ မတ် ၉

မလေးရှားနိုင်ငံတွင် နိုင်ငံအတွင်း အဝလွန်သူဦးရေများပြားလာခြင်းကို ထိန်းချုပ်ရန်အတွက် အားကစားရုံများ ပိုမိုဖွင့်လှစ်နိုင်ရန် အားကစားရုံများ၏ လိုင်စင်ကြေးကို ၈၀ ရာခိုင်နှုန်း လျှော့ချကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၁ ရက်မှစတင်၍ အကျိုးသက်ရောက်မှုရှိသည့် ၎င်းသတ်မှတ်ချက်အရ အားကစားရုံဖွင့်လှစ်မည့်နေရာ အကျယ်အဝန်း တစ်စတုရန်းမီတာအတွက် ၁၀ ရင်းဂစ်သာ ပေးဆောင်ရမည်ဖြစ်သည်။ ယခင်က နှစ်စဉ်လိုင်စင်ကြေး ရင်းဂစ် ၅၀၀၀ ပေးဆောင်ရသော်လည်း လက်ရှိအချိန်တွင် ရင်းဂစ် ၁၀၀၀ သာ ပေးဆောင်ရမည် ဖြစ်ကြောင်း ဖယ်ဒရယ်နယ်မြေများဆိုင်ရာ ဝန်ကြီး ဟာနတ် ရိုးက ပြောကြားသည်။

နိုင်ငံအတွင်း ၂၀၂၄ ခုနှစ်တွင် အရွယ်ရောက်ပြီးသူများ၏ ၅၂ ဒသမ ၁ ရာခိုင်နှုန်းသည် အဝလွန်ခြင်းကို ခံစားနေရကြောင်း စစ်တမ်းအရ သိရသည်။ နိုင်ငံအတွင်း အမျိုးသားဦးရေ ၁၅ ဒသမ ၉ ရာခိုင်နှုန်းနှင့် အမျိုးသမီးဦးရေ ၂၀ ဒသမ ၉ ရာခိုင်နှုန်းသည် အဝလွန်ခြင်းကို ခံစားနေရကြောင်း သိရသည်။ ယခုကဲ့သို့ အားကစားရုံများ၏ ကုန်ကျစရိတ်ကို လျှော့ချလိုက်ခြင်းဖြင့် အားကစားရုံများတွင် ဝန်ဆောင်မှုများ ကောင်းလာမည်ဖြစ်ကာ နိုင်ငံသားများအတွက် ကိုယ်လက်လေ့ကျင့်ခန်းများ ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဝလွန်သူများသည် သာမန်လူများထက် ရောဂါပိုမိုခံစားရကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။ **ကိုးကား – VN Express၊ ဘာသာပြန် – စိုးသူရ**

## လောင်စာဆီဈေးနှုန်း မြင့်တက်လာခြင်းကြောင့် ဗီယက်နမ်နိုင်ငံတွင် ပြေးဆွဲနေသည့် ရထားများ၏ လက်မှတ်ခ မြင့်တက်

ဟနွိုင်း မတ် ၉

လောင်စာဆီဈေးနှုန်း မြင့်တက်လာခြင်းကြောင့် ဗီယက်နမ်နိုင်ငံတွင် ပြေးဆွဲနေသည့် ရထားများ၏ လက်မှတ်ခကို ၁၀ ရာခိုင်နှုန်းနှင့် ကုန်ပစ္စည်းဆိုင်ရာ ကျသင့်ငွေတန်ဖိုးကို ၂၀ ရာခိုင်နှုန်းအထိ မြှင့်တင်မည်ဖြစ်ကြောင်း ဗီယက်နမ် ရထားသယ်ယူပို့ဆောင်ရေး ကုမ္ပဏီက ပြောကြားသည်။



အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများအရ လောင်စာဆီဈေးကွက် မတည်ငြိမ်မှုကြောင့် ရထားသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဗီယက်နမ် သတင်းအေဂျင်စီက ပြောကြားသည်။ လောင်စာဆီဈေးနှုန်း မြင့်တက်ချိန်တွင် တွေ့ကြုံရသည့် ဖိအားကို ထည့်သွင်းစဉ်းစားကာ ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ထိခိုက်မှုမရှိစေရေးအတွက် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံအတွင်း ဒီဇယ်ဆီ တစ်လီတာဈေးနှုန်းသည် ဗီယက်နမ်ဒေါင် ၃၀၂၃၀ ရှိကြောင်း ရာခိုင်နှုန်းအားဖြင့် ၃၁ ဒသမ ၂၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဗီယက်နမ်အမျိုးသား လောင်စာဆီအုပ်စုက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



## အင်ဒိုနီးရှားနိုင်ငံ၌ ဇီဝလောင်စာဆီသုံးစွဲမှုမြှင့်တင်ရေး ဆောင်ရွက်

ဂျကာတာ မတ် ၉

အင်ဒိုနီးရှားနိုင်ငံတွင် ကမ္ဘာလုံးဆိုင်ရာ လောင်စာဆီဈေးနှုန်းမြင့်တက်မှုကို ကာကွယ်သည့်အနေဖြင့် ဇီဝလောင်စာဆီသုံးစွဲမှုမြှင့်တင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း စွမ်းအင်နှင့် သတ္တုသယံဇာတဝန်ကြီး ဗာဟာ လာဟာဒီယာက မတ် ၉ ရက်တွင် ပြောကြားသည်။

နိုင်ငံအတွင်း လောင်စာဆီဆိုင်ရာ ကုန်ကျစရိတ်သက်သာစေရေးအတွက် ဇီဝလောင်စာဆီနှင့် သာမန်လောင်စာဆီများကို ရောစပ်သုံးစွဲမည်ဖြစ်သည်။ ယင်းဆောင်ရွက်ချက်ကြောင့် လောင်စာဆီများကို ပြည်ပမှ တင်သွင်းရခြင်းကို လျှော့ချနိုင်မည်ဟု ၎င်းကပြောကြားသည်။ အစိုးရအနေဖြင့် စာအုန်းဆီအခြေခံထုတ်လုပ်သည့် ဇီဝလောင်စာဆီနှင့် ဒီဇယ်ဆီတို့ကို ပေါင်းစပ်ထုတ်လုပ်သည့် ဘီ ၅၀ အမည်ရှိ ဇီဝလောင်စာဆီသုံးစွဲရေးကို အရှိန်မြှင့် ဆောင်ရွက်မည်ဖြစ်သည်။

အစိုးရအနေဖြင့် လက်ရှိအချိန်တွင် အမျိုးသားစွမ်းအင်ထောက်ပံ့ရေးလုပ်ငန်းကို ထိန်းသိမ်းနိုင်ရန်အတွက် အကောင်းဆုံး နည်းလမ်းများကို ရှာဖွေနေကြောင်းနှင့် နည်းလမ်းများသည် သန့်ရှင်းသည့် လောင်စာဆီသုံးစွဲမှုမြှင့်တင်ရေးကို အကူအညီပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**







# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၄၇၀ တန်၊ အခြားသစ် ၆ ဒသမ ၂၆၂ တန် (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၂၈၄၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

## အရေးယူဆောင်ရွက်

ထို့အပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၇ ရက်တွင် ဘားအံမြို့နယ် မြပြည်ကျေးရွာ၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)



မွန်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၆၃၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၂ ရက်တွင် ပဲခူးမြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၆၈၃ တန်၊ သစ်မာ ၁ ဒသမ ၄၁၇ တန် (ခန့်မှန်းတန်ဖိုးငွေ ၂၁၈၂၄၁၆ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၂ ရက်တွင် အောင်လံမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၄ ရက်တွင် စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်နှင့် သာစည်မြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် ၁၇ ဒသမ ၂၃၄ တန် (ခန့်မှန်းတန်ဖိုးငွေ ၃၂၂၁၇၉၀၈ ကျပ်)နှင့် လိုင်စင်ရှိသစ်တင်ယာဉ် Mazada Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၆၂၂၁၇၉၀၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ပင်းတယမြို့နယ် ဟော်ကုန်းရပ်ကွက်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၂၂၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၂၂၈၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁ ရက်နှင့် ၃ ရက်တို့တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Ngwe Zin Yaw MPV Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၆၀၀၀၀) ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၅၆၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ဖေဖော်ဝါရီ ၇ ရက်၊ ၂၄ ရက်၊ ၂၆ ရက်၊ ၂၈ ရက်၊ မတ် ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေ ၃၆၈၃၉၁၁၆၄ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် ဘားအံမြို့နယ် သာယာကုန်းကျေးရွာရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၁၉၃၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ် အမှတ်(၁)ရပ်ကွက်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၃၅၃၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၄ ရက်တွင် ရွှေဘိုမြို့နယ် ပိတောက်ခေါင်းကျေးရွာ၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်နှင့် မတ် ၄ ရက်တို့တွင် ဘီးလင်းမြို့နယ်၊ ကျိုက်မရောမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ် သကြားစက်အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၄၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၉၇၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Atlas Light Truck တစ်စီး၊ Sun Win Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကို လည်းကောင်း၊ ပေါင်မြို့နယ် မုတ္တမကျေးရွာ၌ ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၇ မျိုး၊ လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၈၅၃၈၀၈၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Probox သုံးစီး၊ Mazda Bongo တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၀၀၀၀၀၀) ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ကျပ် ၄၇၈၅၁၂၀၈၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၀ ရက်၊ ၂၂ ရက်၊ ၂၅ ရက်နှင့် မတ် ၄ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၂၆၄၂၀၈၀) ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်



## သာယာဝတီမြို့နယ်၌ မော်တော်ယာဉ်များ စုံရက်၊ မရက် ခွဲခြား၍ မောင်းနှင်ခြင်းအား အသိပညာပေးစစ်ဆေး

သာယာဝတီ မတ် ၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်း စုံရက်၊ မရက် ခွဲခြား၍ မော်တော်ယာဉ်မောင်းနှင်ခြင်းအား ပြည်သူများသိရှိလိုက်နာ ဆောင်ရွက်စေရန် အသိပညာပေးစစ်ဆေးဆောင်ရွက်ခြင်းကို ရန်ကုန်-ပြည်ကားလမ်းတွင် ယနေ့နံနက် ၈ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်သောအဖွဲ့က ဆောင်ရွက်သည်။

သာယာဝတီမြို့နယ်အတွင်း မောင်းနှင်သွားလာနေကြသော မော်တော်ယာဉ်မောင်းနှင်သူများအား စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေးအတွက် နေ့စဉ်အသုံးပြုနေကြသည့် မော်တော်ယာဉ်များအတွက် အသိပေးထုတ်ပြန်ချက်ကို တိကျစွာလိုက်နာဆောင်ရွက်သွားကြရန် ရည်ရွယ်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်များအား အသိပညာပေးစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ စက်သုံးဆီပြတ်လပ်မှုမရှိစေရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၉

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင်များအား စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရေး၊ မှောင်ခိုဈေးကွက် မဖြစ်ပေါ်စေရေး၊ ထပ်ခါထပ်ခါ ဖြည့်သွင်းမှု မရှိစေရေးအတွက် ပဲခူးမြစ်လမ်းရှိ DENKO စက်သုံးဆီအရောင်းဆိုင်နှင့် ဧရာဝဏ်လမ်းရှိ BOC စက်သုံးဆီအရောင်းဆိုင်တို့တွင် ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးသူမောင် ဦးဆောင်၍ တာဝန်ရှိသူများက စက်သုံးဆီ အရောင်းဆိုင်များ နေ့စဉ်ဖွင့်လှစ်ရောင်းချမှု ရှိ/မရှိ၊ စက်သုံးဆီရောက်ရှိမှု၊ ပြန်လည်ရောင်းချမှုနှင့် ကျန်ရှိမှုအခြေအနေများ၊ ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချမှုရှိ/ မရှိ၊ စက်သုံးဆီ ပမာဏကန့်သတ်ရောင်းချမှု ရှိ/ မရှိ၊ ဆီဆိုင်များတွင်ကားများ တန်းစီ၍ဝယ်ယူမှုအခြေအနေများနှင့် တရားမဝင်စက်သုံးဆီ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး၍ စိစစ်ကြပ်မတ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဖြိုးစန္ဒာ(ဆိပ်ကမ်း)

## သဃ်္ဃန်းကျွန်းမြို့နယ်၌ စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ဖူလုံမှုရှိစေရေး အသိပညာပေးခြင်းများဆောင်ရွက်



ရန်ကုန် မတ် ၉

ရန်ကုန်တိုင်းဒေသကြီး သုဝဏ္ဏမြို့နယ်၌ စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ဖူလုံမှုရှိစေရေး စုံရက်၊ မရက်ခွဲခြား၍ မော်တော်ယာဉ်မောင်းနှင်စေမည့်စနစ်အား ယာဉ်အသုံးပြုသူများ အလေးထားလိုက်နာဆောင်ရွက်စေရန်အတွက် ယနေ့မွန်းလွဲပိုင်းက သုဝဏ္ဏမြို့နယ် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ရှေ့နှင့် သုဝဏ္ဏပန်းခြံရှေ့တို့၌ အသိပညာပေးခြင်းများ ဆောင်ရွက်သည်။

အဆိုပါအသိပညာပေးခြင်းလုပ်ငန်းများကို သင်္ဃန်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးနှင့် One Stop Service အဖွဲ့မှ တာဝန်ရှိသူများက လမ်းမကြီးတစ်လျှောက် ဖြတ်သန်းမောင်းနှင်လာသော ကိုယ်ပိုင်ယာဉ် ၃၅ စီး၊ လုပ်ငန်းသုံးယာဉ် ၃၀ စုစုပေါင်း ၆၅ စီးတို့အား စစ်ဆေးဆောင်ရွက်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ကြသည်။ အဆိုပါအသိပေးကြေညာချက်အား မတ် ၇ ရက်မှ ၁၃ ရက်အထိ ပညာပေးကာလအဖြစ်သတ်မှတ်၍ အသိပညာပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုက်နာခြင်းမရှိသည့် မော်တော်ယာဉ်မောင်းနှင်သူများအား မတ် ၁၄ ရက်မှစ၍ အလုပ်မဲ့ထောင်ဒဏ်တစ်လ၊ ဒဏ်ငွေနှစ်သောင်းကျပ်အား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မင်္ဂလာတောင်ညွန့်မြို့နယ်၌ မော်တော်ယာဉ်များ သတ်မှတ်ချက်များလိုက်နာဆောင်ရွက်ရေး အသိပညာပေး

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလ ရပ်ကွက် အထက်ပန်းဆိုးတန်းလမ်းတွင် မော်တော်ယာဉ်များ စုံရက်၊ မရက်များအတိုင်း လိုက်နာမောင်းနှင်ဆောင်ရွက်ရေး အသိပညာပေး စစ်ဆေးဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

### အသိပညာပေးစစ်ဆေး

ထိုသို့ ဆောင်ရွက်ရာတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဟိန်းဇေယျာနှင့်အဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှ စခန်းမှူး ဒုရဲမှူးအောင်ဆန်းလင်းနှင့်အဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့မှ အသိပညာပေးတပ်ကြပ်ကြီး ဆွေမြင့်နှင့်အဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးအောင်ကျော်နိုင်နှင့်အဖွဲ့၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးရဲအောင်လွင်နှင့်အဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတ်မှတ်ချက်များအတိုင်း လိုက်နာမောင်းနှင်ခြင်း ရှိ၊ မရှိ အသိပညာပေးစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြတ်မြတ်အေး(ပြန်/ဆက်)

## သာယာဝတီမြို့နယ်ရှိ စက်သုံးဆီ အရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

သာယာဝတီ မတ် ၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များအနေဖြင့် သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ရောင်းချခြင်း ရှိ/မရှိကို တာဝန်ရှိသူများပူးပေါင်းကာ ယနေ့နံနက်ပိုင်းက လိုက်လံကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ စနစ်တကျရောင်းချပေးရေးနှင့် သတ်မှတ်အချိန်အတိုင်း ဖွင့်လှစ်ရောင်းချရေး၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချရေး၊ ဆီပီပါ/ ဆီပုံး/သံပုံးများဖြင့် ရောင်းချခြင်းမရှိရေး တို့ကို လိုက်လံစစ်ဆေးကာ လိုအပ်သည်တို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)





## တာမွေမြို့နယ်၌ စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေး အသိပညာပေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေးအတွက် သတ်မှတ်ထားသည့် စုံရက်၊ မရက်များအလိုက် ယာဉ်များမောင်းနှင်မှု ရှိ / မရှိ အသိပညာပေး စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက တာမွေမြို့နယ် တာမွေလေးရပ်ကွက် အရှေ့မျဉ်းပြိုင်ကွင်းလမ်း SKY STAR HOTEL ရှေ့၌ စစ်ဆေးဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဖြိုးပြည့်စုံသည် အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့တို့နှင့်အတူ ယာဉ်အစီးရေ ၃၆ စီးအား အသိပညာပေးစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မို့မို့အောင်(ပြန်/ဆက်)



## ကျိုင်းတုံမြို့၌ စုံ/မ ရက်ခွဲ၍ မော်တော်ယာဉ်မောင်းနှင်သည့်စနစ်အား အသိပညာပေး

ကျိုင်းတုံ မတ် ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် စက်သုံးဆီချွေတာရေး စုံ/မ ရက်ခွဲ၍ မော်တော်ယာဉ်မောင်းနှင်သည့် စနစ်အား အသိပညာပေးခြင်းကို မတ် ၉ ရက်က ကျိုင်းတုံမြို့ လူစည်ကားရာလမ်းများတွင် ဆောင်ရွက်သည်။

### အရေးယူဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာတွင် ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့များက မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်မောင်းနှင်သူများအား မိမိတို့ယာဉ်များတွင် တပ်ဆင်ထားသောနံပါတ်ပြားအလိုက် စုံရက်/မရက်ခွဲခြား၍ မောင်းနှင်ရန်နှင့် ပညာပေးကာလပြီးဆုံးသည့် မတ် ၁၄ ရက်မှစတင်ကာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာခြင်းမရှိသည့် ယာဉ်များအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာပေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

# ဒေါက်တာဒီဘိုနို၊ ဘောင်ခြောက်ခုတွေးခေါ်နည်းနှင့် သတင်းတု သတင်းမှား တိုက်ဖျက်ခြင်း


**ကိုကို (စက်မှုတက္ကသိုလ်)**

**တစ်လောက စာရေးဆရာ ဒေါက်တာအက်ဒ်ဝပ်ဒီဘိုနို (Edward de Bono) ရေးသည့်စာအုပ်တစ်အုပ်ကို အီးဘုတ်ခ်အဖြစ် ဖတ်ရှုလိုက်ရသည်။ စာအုပ်အမည်က Six Frames: For Thinking about Information ဆိုသည့်စာအုပ်ဖြစ်သည်။ မြန်မာဘာသာဖြင့် "သတင်းအချက်အလက်များအကြောင်း စဉ်းစားတွေးခေါ်ရန် ဘောင်ခြောက်ခု"ဟု တိုက်ရိုက်ပြန်ဆိုနိုင်သည်။**

သူ့ကို အများက ဒီဘိုနိုဟု အတိုကောက်ခေါ်ကြသည်။ မှတ်သားကြသည်။ ဆရာကြီး ဒီဘိုနို၏ စာအုပ်များက မြန်မာပရိသတ်များအတွက် ရင်းနှီးပြီးသားဖြစ်သည်။ ဆရာကြီး ဒီဘိုနို၏ Six Thinking Hat ကို ဦးထုပ်ခြောက်လုံး တွေးခေါ်နည်းဟူ၍လည်းကောင်း၊ Six Action Shoes ကို ဖိနပ်ခြောက်ရန် ဆောင်ရွက်နည်းဟူ၍လည်းကောင်း ဆရာမြတ်ငြိမ်းက ဘာသာပြန်ဆိုထုတ်ဝေခဲ့ပြီးဖြစ်သည်။ ဆရာမြတ်ငြိမ်းသာဆိုလျှင် ယခုစာအုပ်ကို **"သတင်းအချက်အလက်အတွက် ဘောင်ခြောက်ခု တွေးခေါ်နည်း"** ဟု ဘာသာပြန်မည်လားမသိ။

ကမ္ဘာကျော်တွေးခေါ်ပညာရှင် ဆရာကြီး ဒေါက်တာ Edward de Bono ရေးသားခဲ့သော အဆိုပါ "Six Frames: For Thinking about Information" စာအုပ်ကို ၂၀၀၈ ခုနှစ်တွင် Vermilion စာအုပ်တိုက်မှ စတင်ထုတ်ဝေခဲ့ပါသည်။ ဆရာကြီး ဒီဘိုနိုသည် တီထွင်ကြံဆတွေးခေါ်နည်းနှင့် ဖြန့်ထွက်တွေးခေါ်နည်းနယ်ပယ်တွင် ရှေ့ဆောင်လမ်းပြအဖြစ် ကမ္ဘာက အသိအမှတ်ပြုထားသူ ပညာရှင်ကြီးလည်း ဖြစ်သည်။

သူသည် **"လူသားတို့၏ ဦးနှောက်အတွက် ဆော့ဖ်ဝဲလ်ရေးသားပေးသူ"** အဖြစ် တင်စားခံရသူဖြစ်သည်။ သူ၏ တွေးခေါ်မှုပညာရပ်များကို IBM၊




Microsoft၊ Nokia၊ Siemens ကဲ့သို့သော ကမ္ဘာ့ထိပ်တန်းကုမ္ပဏီကြီးများက အသုံးပြုကြပြီး ထိပ်တန်းအတိုင်ပင်ခံကုမ္ပဏီကြီးဖြစ်သော Accenture က သူ့ကို မျက်မှောက်ခေတ် လွှမ်းမိုးမှုအရှိဆုံး စီးပွားရေး အတွေးအခေါ်ပညာရှင် ၅၀ စာရင်းတွင် ထည့်သွင်းခဲ့ပါသည်။ တောင်အာဖရိကပညာရှင်များအဖွဲ့ကလည်း လူသားသမိုင်းတစ်လျှောက် လွှမ်းမိုးမှုအရှိဆုံးပုဂ္ဂိုလ် ၂၅၀ တွင် သူ့ကို ထည့်သွင်းခဲ့ပါသည်။

### အချိန်ကာလကို ကျော်လွန်၍ အသုံးဝင်ဆဲဖြစ်သော ဘောင်ခြောက်ခု တွေးခေါ်မှု

ဤမျှ နိဒါန်းရှည်ရှည်ပျိုးနေရခြင်းမှာ အကြောင်းရှိပါသည်။ ဆရာကြီးဒီဘိုနို၏ လွန်ခဲ့သော ၁၈ နှစ်က စာအုပ်သည် ယခုမျက်မှောက်သတင်းအချက်အလက် ထွေပြား၊ ဝေဝါးများပြားနေသောခေတ်၊ တစ်နည်းအားဖြင့်ဆိုရလျှင် သတင်းအချက်အလက်များဖြင့် ပိနေသော မျက်မှောက်လူသားများအတွက် အမှောင်ထဲမှ အလင်းတစ်စကဲ့သို့ အားထားစရာဖြစ်သည်သာမက စာအုပ်ပါ ဘောင်ခြောက်ခု တွေးခေါ်မှုမှာ လက်တွေ့တွင် လွန်စွာအသုံးကျနေသောကြောင့် ဖြစ်ပါသည်။




မျက်မှောက်လူသားများသည် သတင်းအချက်အလက်ခေတ်တွင် နေထိုင်နေကြပြီး သတင်းအချက်အလက်များကို လိုအပ်သည်ထက် အလွန်အမင်း လွယ်ကူစွာရရှိနေကြသည်။ သတင်းအချက်အလက်များကို ကွန်ပျူတာများအတွင်း ထည့်သွင်းကာ ခွဲခြမ်းစိတ်ဖြာခိုင်းသည့် အလေ့အထ ထွန်းကားလာခဲ့သော်လည်း ဤသည်မှာ စိတ်မချရသော အလေ့အထတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကွန်ပျူတာများက သတင်းတစ်ခု၏ တိကျမှန်ကန်မှု၊ စိတ်ဝင်စားမှု၊ ဘက်မလိုက်မှုနှင့် တန်ဖိုးတို့ကို ကောင်းစွာအကဲဖြတ်မပေးနိုင်ဘဲ လူသားတို့၏ တွေးခေါ်မှုဖြင့်သာလျှင် ထိရောက်စွာ လုပ်ဆောင်နိုင်သော ကိစ္စရပ်ဖြစ်နေသည်။

ယခုစာအုပ်တွင် စာရေးဆရာကြီး ဒီဘိုနိုက "Truth Paste" ဟူသော ဝေါဟာရတစ်ခုကို မိတ်ဆက်တင်စားသုံးနှုန်းထားသည်။ ဆိုလိုသည်မှာ အမှန်တရားကဲ့သို့ ထင်ရအောင် ဖန်တီးထားခြင်းဟူသော အယူအဆဖြစ်ပြီး ယနေ့ခေတ် သတင်းတုဖြန့်ဝေသူများသည် ဤလှည့်ကွက်ကို အဓိကအသုံးပြုနေကြသည်။ အရာရာကို ချဲ့ကားရေးသားခြင်း၊ "အတ္တကြီးသော"၊ "ကြောက်မက်ဖွယ်ကောင်းသော" စသည့် နာမဝိသေသနများကို အလွန်အကျွံအသုံးပြုခြင်းတို့မှာ သတင်းအချက်အလက်မဟုတ်ဘဲ ရေးသားသူ၏ ထင်မြင်ချက်များသာဖြစ်သည်ဟု ဆရာကြီး ဒီဘိုနိုက ရေးသားသည်။

ထိုအခြင်းအရာများကို သတိပြုမိရန်နှင့် မျက်မှောက်ခေတ်အကြီးမားဆုံးစိန်ခေါ်မှုထဲမှ တစ်ခုဖြစ်သော သတင်းတု သတင်းမှား တိုက်ဖျက်ရေးအတွက် ဒီဘိုနို၏ ဘောင်ခြောက်ခုကို အောက်ပါအတိုင်း အသုံးချနိုင်ပါသည်-

### သတင်းများကို ဘောင်ခြောက်ခုဖြင့် ခွဲခြမ်းစိတ်ဖြာခြင်း

**၁။ တြိဂံဘောင် (The Triangle Frame)**

ပထမဆုံးဘောင်မှာ တြိဂံဘောင်ဖြစ်သည်။ စာရေးဆရာက တြိဂံသည် မြားခေါင်းတစ်ခုနှင့် တူသဖြင့် ရည်ရွယ်ချက်ကို ကိုယ်စားပြုသည်ဟု ဆိုသည်။ သတင်းတစ်ခုကို မြင်တွေ့ဖတ်ရှုလိုက်ရသည့်အခါ "ဤသတင်းကို မည်သည့်ရည်ရွယ်ချက်ဖြင့် ဖြန့်ဝေနေသနည်း" ကို ပထမဆုံး စဉ်းစားရမည်ဟူသည့် တွေးခေါ်မှုဖြစ်သည်။ ဤသတင်းက ဘာကိုပြောချင်တာလဲ (What)။ ဘာဖြစ်လို့ ဒီသတင်းလိုအပ်ရသလဲ၊ ဘာကြောင့် တန်ဖိုးရှိတာလဲ။ ဘာကြောင့် သက်ရောက်မှုရှိတာလဲ (Why)။ ဤသတင်းအချက်အလက်ကို ဘယ်နေရာမှာ ရှာဖွေသင့်သလဲ၊ ရှာဖွေနေသည့်နေရာ မှန်ကန်ရဲ့လား (Where)။

သတင်းတုအများစုသည် စာဖတ်သူကို အသိပညာပေးရန်ထက် လူထုကို ထိတ်လန့်စေရန် သို့မဟုတ် လမ်းမှားသို့ပို့ဆောင်ရန် ရည်ရွယ်ချက်ရှိရှိ ဖန်တီးထားတတ်ကြသည့်အတွက် တြိဂံဘောင်ဖြင့် ဆန်းစစ်ရာတွင် အထက်ပါ အချက်သုံးချက် လိုအပ်လာခြင်းဖြစ်သည်။

**၂။ စက်ဝိုင်းဘောင် (The Circle Frame)**

စက်ဝိုင်းသည် ပစ်မှတ်၏အလယ်ဗဟိုကို ကိုယ်စားပြုသည့်အတွက် စက်ဝိုင်းဘောင်သည် တိကျမှန်ကန်မှု စစ်ဆေးခြင်းကို ကိုယ်စားပြုထားသည်။ စက်ဝိုင်းဘောင်အသုံးပြုရာတွင် အောက်ပါအချက်များကို အခြေခံသင့်သည်ဟု ဆရာကြီး ဒီဘိုနိုက အကြံပြုထားသည်-

ခိုင်မာမှု/အခွင့်ရှိမှု (Authority)- ဤသတင်းကို ရေးသားသူသည် ယုံကြည်ရသော အဖွဲ့အစည်း သို့မဟုတ် ပညာရှင်ဟုတ်သလား။ သူသည် ထိုကိစ္စနှင့်ပတ်သက်၍ ပြောဆိုနိုင်သည့်အခွင့် သို့မဟုတ် ဆက်နွယ်သက်ဆိုင်မှုရှိပါသလား။

တိုက်ဆိုင်စစ်ဆေးခြင်း (Comparative Accuracy)- အခြားခိုင်မာသော သတင်းဌာနများနှင့် နှိုင်းယှဉ်စစ်ဆေးကြည့်ရန် လိုအပ်သည်။

သံသယများ (Doubts)- ထို့အပြင် ရရှိသော သတင်းအချက်အလက်များကိုယ်နှိုက်က သံသယဖြစ်စရာ အချက်အလက်များပါဝင်နေသလား မေးခွန်းထုတ်ရမည်။

**၃။ စတုရန်းဘောင် (The Square Frame)**

စတုရန်းတစ်ခုတွင် အနားလေးဖက်လုံး ညီမျှသည်။ စတုရန်းသည် ဘက်အသီးသီးမှ ပြဿနာကို ချဉ်းကပ်ရမည့်သဘောလည်းဖြစ်သည်။ စတုရန်းဘောင်သည် ရှုထောင့်အမြင်ကို ကိုယ်စားပြုထားသည်။ သို့သော် သတင်းတိုင်းသည် ထိုသို့ အဘက်ဘက်မှ မျှတစွာ ရေးသားထားခြင်းမျိုးမရှိနိုင်ပါ။ သတင်းအချက်အလက်များက ဘက်လိုက်မှုအတိုင်းအတာ ဘယ်လောက်ရှိနေသလဲ သို့မဟုတ် မျှတမှုရှိသလားဆိုသည်ကို စတုရန်းဘောင်ဖြင့် ဆန်းစစ်ခိုင်းခြင်းဖြစ်သည်။

ဘက်လိုက်မှု (Bias)- သတင်းတစ်ခုသည် ကြော်ငြာတစ်ခုကဲ့သို့ တစ်ဖက်သတ် ဆွဲဆောင်လိုသော ရည်ရွယ်ချက်ရှိနေသလားဆိုသည်ကို သတိပြုရမည်။ ဘက်လိုက်မှုကို သတင်းတွင် ရှာဖွေဖော်ထုတ်ရမည်။

နာမဝိသေသနများ (Adjectives)- စကားလုံးအသုံးအနှုန်းများတွင် နာမဝိသေသန အများစုသည် ရေးသားသူ၏ ကိုယ်ပိုင်အမြင်များ ဖြစ်နေတတ်သည်။ ထိုအခါ သတင်းသည် အချက်အလက်မဟုတ်တော့ဘဲ အမြင် (Opinion) သာ ဖြစ်နေတတ်သည်ကို သတိပြုရမည်။

**၄။ အသည်းနှလုံးဘောင် (The Heart Frame)**

အသည်းနှလုံးဟု ဆိုလိုက်သည်နှင့် အသည်းနှလုံးပိုင်ဆိုင်သည့် မည်သူမဆို အကြီးအကျယ် စိတ်ဝင်စားကြသည်။ ထို့ကြောင့်ပင် ဤစာအုပ်ထဲ၌ အသည်းနှလုံးကို စိတ်ဝင်စားမှု၏ သင်္ကေတအဖြစ် ကိုယ်စားပြုထားသည်။

စိတ်ဝင်စားမှုဆိုသည့်သဘောကိုက ဆွဲဆောင်မှုနှင့် နှစ်သက်စေမှုရှိသည်။ စိတ်ဝင်စားမှုကိုလည်း ယေဘုယျဆန်ဆန်စိတ်ဝင်စားမှုနှင့် အထူးသီးသန့်စိတ်ဝင်စားမှုများဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။

သတင်းတု သတင်းမှားများသည် လူတို့၏ စိတ်ဝင်စားမှုကို အလွယ်တကူရရှိစေရန် အံ့ဩစရာ၊ ထိတ်လန့်စရာ သတင်းခေါင်းစဉ်များဖြင့် အမြဲဖန်တီးလေ့ရှိသည်။

သတင်းတစ်ခုက မိမိ၏ စိတ်ခံစားချက်ကို အလွန်အမင်း လှုံ့ဆော်ပေးနေပြီဆိုလျှင် "ယင်းက ငါ့ကိုစိတ်လှုပ်ရှားအောင်သက်သက် ပြုလုပ်ထားခြင်းလား" ဟု မေးခွန်းထုတ်ရန် လိုအပ်သည်။

စာမျက်နှာ ၁၇ သို့ ☆

**"သတင်းတု သတင်းမှား တိုက်ဖျက်ရေးဆိုသည်မှာ ပိတ်ပင်တားဆီးမှုများ ပြုလုပ်ရုံဖြင့် မလုံလောက်ဘဲ လူတစ်ဦးချင်းစီ၏ စနစ်တကျတွေးခေါ် စဉ်းစားနိုင်စွမ်းကို မြှင့်တင်ပေးခြင်းဖြင့်သာ ရေရှည်အောင်မြင်နိုင်မည်ဖြစ်သည်။ အမှန်တရားလို့ထင်ရအောင် လှည့်စားဖန်တီးထားမှုများကို အလွယ်တကူ သတိပြုမိစေရန်နှင့် နေ့စဉ်စီးဆင်းနေသော သတင်းလှိုင်းလုံးကြီးများကြားတွင် လွင့်စဉ်လမ်းပျောက်မသွားဘဲ မှန်ကန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန်အတွက် ယခု "ဘောင်ခြောက်ခု" သည် ထိရောက်သည့် လက်စွဲကိရိယာတစ်ခုဖြစ်လာမည်"**

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါရာသီဥတုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော(၁၁)နှစ်တာကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် (၂၅၄၁၀၀)ကျော် ပျက်စီးခဲ့ပြီး၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှု အများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲ ပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များ ဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၈)နှစ်တာကာလအတွင်း နေအိမ်ပေါင်း (၈၆၀၀၀)ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ်လေပြင်းဘေးကျရောက်နိုင်သော ဆောင်းအကုန်နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များလေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီးတော့တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကိုခုတ်ထွင် ရှင်းလင်းထားပါ။

(ခ) **အသစ်တည်ဆောက်မည့် အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသော မြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင်အလွယ်တကူ ကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏၃ပုံ၂ပုံထိ မြှုပ်၍တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်အား ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏တိုသော မျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ်လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်)ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှ ကာကွယ်ရန် သွပ်သံကို အပေါ်ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော် ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့်တစ်ချပ် ၄ လက်မခန့်ခြား၍ နှီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်း စနစ်တကျချိတ်ဆက်ထားပါ။ နေအိမ်၏ တိုင်၊ ရက်မနှင့် ဆင့်များအား မူလီဖြင့် သေချာစွာ တွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သောထောက်တန်းများ ထည့်၍ အိမ်ကိုယ်ထည် မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူ လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၇။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့်ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့်ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သောကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီ လိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## ကမ္ဘာပေါ်မှာ အလုပ်အများဆုံး “အချိန်စီမံခန့်ခွဲသူ” ပြက္ခဒိန်

ပြက္ခဒိန်ကတော့ ဂရီဂေါရီးယန်း ပြက္ခဒိန် ဖြစ်ပါတယ်ခင်ဗျာ။ လူသားတစ်ယောက်လို သဏ္ဌာန်လုပ် သရုပ်ဆောင်ပြောရမယ်ဆိုရင် ပြက္ခဒိန်ဟာ ကမ္ဘာအရပ်ရပ်မှာ အလုပ်အများဆုံးနဲ့ လူသိအများဆုံး “အချိန်စီမံခန့်ခွဲသူ” တစ်ဦးပေါ့။

ပြက္ခဒိန်ရဲ့ ဘဝဇာတ်ကြောင်းလေးကို ခဏလောက် နားထောင်ပေးပါဦး…

ပြက္ခဒိန်ကို လူတွေက နာမည်အမျိုးမျိုးနဲ့ ခေါ်ကြတယ်။ တချို့က “အနောက်တိုင်းပြက္ခဒိန်” လို့ ခေါ်သလို တချို့ကလည်း “ခရစ်ယာန်ပြက္ခဒိန်” လို့ လူသိများကြတယ်။ အရင်ခေတ်က အသုံးအနှုန်းဟောင်းတွေအရဆိုရင်တော့ ပြက္ခဒိန်ကို “စတိုင်သစ် (New Style)” လို့လည်း တင်စားကြပါတယ်။

ပြက္ခဒိန်ကို “New Style” လို့ ခေါ်ရတဲ့ အဓိကအကြောင်းရင်းကတော့ အရင်ဟောင်းနေတဲ့ Julian Calendar (Old Style) ကနေ အမှားအယွင်းတွေကို ပြင်ဆင်ထားတဲ့ Gregorian Calendar (New Style) ကို ပြောင်းလဲအသုံးပြုခဲ့ကြလို့ ဖြစ်ပါတယ်။

ပြက္ခဒိန် ဒီလောကထဲကို စတင်ခြေချခဲ့တာကတော့ ၁၅၈၂ ခုနှစ် အောက်တိုဘာလထဲမှာပါ။ ပြက္ခဒိန်ကိုဖန်တီးခဲ့တဲ့ ဖခင်ကတော့ ပုပ်ရဟန်းမင်းကြီး ဂရီဂေါရီး (၁၃) ပဲ ဖြစ်ပါတယ်။ ပြက္ခဒိန်ရဲ့ အရင်က “ဂျူလီယန်” ဆိုတဲ့ အစ်ကိုကြီးတစ်ယောက် ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ သူက အချိန်တွက်ချက်ပုံ နည်းနည်းလေးလွဲနေခဲ့တယ်။ ၁၂၈ နှစ် ကြာတိုင်းမှာ သူက တစ်ရက်လောက် နောက်ကျကျန်ခဲ့တာကြောင့် နွေဦးကာလရောက်ရမယ့်ရက်တွေနဲ့ အီစတာပွဲတော်ရက်တွေက သဘာဝတရားနဲ့ မကိုက်ညီတော့ဘဲ တဖြည်းဖြည်း လွဲချော်လာခဲ့တယ်။ အဲဒီလိုနဲ့ ကမ္ဘာကြီးက နေကို တစ်ပတ်ပတ်တဲ့အချိန်နဲ့ တိတိကျကျ ကိုက်ညီဖို့အတွက် ပြက္ခဒိန်ကို မွေးဖွားသန့်စင်ပေးခဲ့ကြတာပါ။

ပြက္ခဒိန်ဟာ မွေးဖွားပြီးပြီးချင်းမှာပဲ ကမ္ဘာအနှံ့ကို ခရီးစထွက်ခဲ့တယ်။ ပထမတော့ ကက်သလစ်ဘာသာဝင်နိုင်ငံတွေက ပြက္ခဒိန်ကို လက်ခံကြပေမယ့် တခြားနိုင်ငံတွေကတော့ ချက်ချင်းကြီး လက်မခံခဲ့ကြဘူး။ တချို့ဆို နှစ်ပေါင်းများစွာကြာမှ ပြက္ခဒိန်ကို အသိအမှတ်ပြုခဲ့ကြတာ။ နောက်ဆုံး ပြက္ခဒိန်ကို တရားဝင်အသိအမှတ်ပြု လက်ခံခဲ့တဲ့ နိုင်ငံကတော့ ၁၉၂၆/၁၉၂၇ ဝန်းကျင်မှာ တူကီယဲ (တူရကီ)နိုင်ငံပဲ ဖြစ်ပါတယ်။ အခုဆိုရင်တော့ ပြက္ခဒိန်ဟာ တစ်ကမ္ဘာလုံးက ရုံးလုပ်ငန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ နေ့စဉ် လူနေမှုဘဝတွေမှာ မရှိမဖြစ်တဲ့ “အဓိက ဇာတ်ဆောင်” ဖြစ်နေပါပြီ။

**ပြက္ခဒိန်ရဲ့အလုပ်လုပ်ပုံ**

ပြက္ခဒိန်က နေမင်းကြီးကို ဗဟိုပြုပြီး အလုပ်လုပ်တာပါ။ ပုံမှန်အားဖြင့်တော့ ပြက္ခဒိန်က ၃၆၅ ရက် အလုပ်လုပ်တယ်။ ဒါပေမဲ့ လေးနှစ် တစ်ကြိမ်မှာတော့ ၃၆၆ ရက်ဆိုပြီး အပိုဆောင်း အားဖြည့်ပေးရတတ်ပါတယ်။ အဲဒါကို “ရက်ထပ်နှစ် (Leap Year)” လို့ ခေါ်တာပေါ့။

တစ်ခုတော့ရှိတယ်နော်… ရာပြည့်နှစ်တွေ (ဥပမာ– ၁၉၀၀ ပြည့်နှစ်) မှာဆိုရင် ၄၀၀ နဲ့စားလို့ မပြတ်ရင် ပြက္ခဒိန်က ရက်ထပ်နှစ်အဖြစ် မသတ်မှတ်ပါဘူး။ ၂၀၀၀ ပြည့်နှစ်တုန်းကတော့ ၄၀၀ နဲ့ စားလို့ပြတ်လို့ ပြက္ခဒိန် ရက်တစ်ရက် ပိုပေးခဲ့တာ မှတ်မိကြဦးမယ် ထင်ပါတယ်။

ပြက္ခဒိန်က တစ်ကမ္ဘာလုံးမှာ နေရာရထားတယ်ဆိုပေမယ့် ပြက္ခဒိန်ကို သိပ်ပြီးအားမကိုးတဲ့ နိုင်ငံအနည်းငယ်တော့ ရှိပါသေးတယ်။ အာဖဂန်နစ္စတန်၊ အီရန်၊ အီသီယိုးပီးယားနဲ့ နီပေါနိုင်ငံတို့ကတော့ ပြက္ခဒိန်ကို အဓိကအသုံးမပြုကြဘူး။ နိုင်ငံအတော်များများမှာ ပြက္ခဒိန်ဟာ အစ္စလာမ်ပြက္ခဒိန်၊ ဟီဘရူး သို့မဟုတ် ဂျူးပြက္ခဒိန် ဒါမှမဟုတ် ဟိန္ဒူပြက္ခဒိန် စတဲ့ ဒေသခံပြက္ခဒိန်လေးတွေနဲ့ လက်တွဲပြီး လူသားတွေအတွက် အချိန်တွေကိုတန်ဖိုးရှိအောင် တိုင်းတာပေးနေရဆဲ ဖြစ်ပါတယ်ခင်ဗျာ။

# Let’s Write in English daily, young ones.

# လူငယ်တွေ … အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် …




**စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)**

ကျောင်းသား ကျောင်းသူတွေ အခုဆိုရင် ဂရီဂေါရီးယန်းပြက္ခဒိန်အကြောင်း ပိုမိုသိရှိသွားမယ်လို့ မျှော်လင့်ပါတယ်ခင်ဗျာ။

**WRITING PRACTICE:**

The most common calendar in the world is the Gregorian calendar. It’s also called the Western calendar, the Christian calendar, or the “New Style” calendar.

It was made by Pope Gregory XIII in October 1582 to replace an older calendar called the Julian calendar.

This new calendar was designed to match the Earth’s orbit around the sun more accurately. The old Julian calendar lost about one day every 128 years, which caused important dates like spring and Easter to move out of place.

Today, it is the main calendar used for daily life, business, and government worldwide. Although it was first used by Catholic countries, it took many years for other countries to start using it. The last country to officially adopt it was Türkiye in 1926/1927.

The calendar is based on the sun. A normal year has 365 days, and a leap year has 366 days. A leap year happens every four years, except for years divisible by 100 but not by 400. For example, 1900 was not a leap year, but 2000 was.

Some countries, like Afghanistan, Iran, Ethiopia, and Nepal, do not mainly use this calendar for official work. Many other countries use it along with their traditional or religious calendars, like the Islamic, Hebrew, or Hindu calendars.

မြန်မာပြက္ခဒိန်ဆိုတာကတော့ မြန်မာလူမျိုးတွေအတွက် ရိုးရိုးရက်စွဲတွေထက် အများကြီး ပိုအရေးပါတယ်။ ကိုယ့်ရဲ့ယဉ်ကျေးမှု၊ ဘာသာရေးနဲ့ ရိုးရာပွဲလမ်းသဘင်တွေအားလုံးက ဒီပြက္ခဒိန်ပေါ်မှာပဲ အခြေခံထားတာ။ ဘယ်နေ့မှာ အလှူလုပ်မလဲ၊ ဘယ်အချိန်မှာ ပွဲတော်တွေ ကျင်းပမလဲဆိုတာကို ဒီပြက္ခဒိန်ကိုပဲကြည့်ပြီး စီစဉ်ကြတာဆိုတော့ မြန်မာလူမျိုးတွေရဲ့ နေ့စဉ်လူမှုဘဝထဲမှာ မရှိမဖြစ် အဓိကနေရာက ပါဝင်နေပါတယ်ခင်ဗျာ။

## ဝါကျအဆက်အစပ် အမှားများ၊ စာပိုဒ်ခွဲ အမှားများ

**လှသမိန်**

(၁၈–၂–၂၀၂၆ ရက်နေ့မှအဆက်)

ဃ

**အမှား။** အောက်ပါအတိုင်း ဆောင်ရွက်မှသာ ကျူရှင်စနစ် ရပ်ဆိုင်းသွားမည်ဖြစ်သည်။

၁။ ကျောင်းသားများအား မိမိတို့၏ ကျောင်းသင်ဘာသာရပ်ကို ကျောင်းချိန်အတွင်း၌ လေးစားစွာ လိုက်နာသင်ကြားစေခြင်း။

၂။ ဆရာများက ကျောင်းသားများ၏ လိုနေသော ချို့ယွင်းချက်ကို အစဉ်အမြဲ သတိထား၍ သင်ပြကူညီခြင်း။

၃။ ကျောင်းသားများ အချိန်မရွေး လိုအပ်သောအကူအညီ တောင်းယူနိုင်အောင် စီစဉ်ပေးခြင်း။

၄။ ကျောင်းသားများက မိမိတို့သိလိုချက်ကို ထုတ်ဖော်မေးမြန်း၍ ကိုယ်တိုင်လေ့လာသင်ကြားသော အလေ့အထမျိုးကို အားပေးခြင်း။

**အမှန်။** ကျူရှင်စနစ် ရပ်ဆိုင်းသွားအောင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

ကျောင်းသားများအား မိမိတို့၏ ကျောင်းသင်ဘာသာရပ်များကို ကျောင်းချိန်အတွင်း၌ လေးစားစွာ လိုက်နာသင်ကြားစေရမည်။ ကျောင်းသားများက မိမိတို့သိလိုချက်ကို ထုတ်ဖော်မေးမြန်း၍ ကိုယ်တိုင်လေ့လာသင်ကြားသော အလေ့အထမျိုးကို အားပေးရမည်။

ဆရာများက ကျောင်းသားများလိုနေသော ချို့ယွင်းချက်ကို အစဉ်အမြဲ သတိထား၍ သင်ပြကူညီရမည်။ ကျောင်းသားများ အချိန်မရွေးလိုအပ်သော အကူအညီတောင်းယူနိုင်အောင် စီစဉ်ပေးရမည်။

**အကြောင်းပြ။** ဝါကျများသည် အကြောင်းရှေ့၊ အကျိုး နောက် အစီအစဉ်အတိုင်းသာ ဆက်စပ်ရပေမည်။ အချက်တစ်ခုကို နောက်တစ်ခုက မှီတွယ်နေသည့်သဘောကိုစဉ်းစားကာ အကြောင်းအရာ ရှေ့နောက် အစဉ်ကျနစေရပေမည်။ ဆိုလိုချက်စုံလင်အောင်လည်း ဝါကျဖွဲ့ရမည်။ အထက်တွင် အချက် ၁၊ ၂၊ ၃၊ ၄ တို့ကို အောက်တွင် ၁၊ ၄၊ ၂၊ ၃ အနေဖြင့် ပြင်ဆင်ထားသည်။

င

**အမှား။** မညွန့်သည် ဒေါ်ထွေး၏ သမီးဖြစ်သည်။ မညွန့်မှာ မကွန့် အမည်ရှိ ညီမတစ်ယောက်ရှိသေးသည်။ မညွန့်နှင့် မကွန့်တို့သည် အလွန်ချစ်သော ညီအစ်မနှစ်ယောက်ဖြစ်သည်။ မညွန့်နှင့် မကွန့်တို့ကို ဒေါ်ထွေးက မွေးသည်။ ဒေါ်ထွေးသည် မညွန့်နှင့် မကွန့်တို့ကိုမွေးပြီးနောက် နောက်ထပ်၍ သားသမီးမထွန်းကားတော့ချေ။

**အမှန်။** ဒေါ်ထွေးသည် မညွန့်နှင့် မကွန့်တို့ ညီအစ်မနှစ်ယောက်တည်းကိုသာမွေးသည်။ ထိုညီအစ်မသည် အလွန်ချစ်ကြသည်။

**အကြောင်းပြ။** မလိုအပ်ဘဲ ဝါကျများရှည်လျား၍ စကားများ တဝဲလည်လည်ပြန်၍ ထပ်နေသည်။ ဆိုလိုရင်းမှာ(မိခင်ဒေါ်ထွေး၊ နှစ်ယောက်တည်းသော ညီအစ်မ၊ မညွန့်မကွန့်၊ သူတို့ချင်း အလွန်ချစ်သည်၊)ဟူသောအချက်မျှသာရှိသည်။ လိုရင်းပေါ်လွင်ရှင်းလင်းအောင် ဝါကျဖွဲ့စပ်စီကုံးရသည်။

### စာပိုဒ်ခွဲ အမှားများ

စာရေးရာတွင် အကြောင်းအရာတစ်ရပ်ရပ်၊ ဆိုလိုချက်တစ်ခုခုကို ဖော်ပြသည့် ဆိုင်ရာဝါကျများကို တစ်ပေါင်းတစ်ဆက်တည်းအားဖြင့် စာပိုဒ်အဖြစ် ပိုင်းဖွဲ့၍ရေးကြရသည်။ အကြောင်းကွဲသွားတိုင်း စာပိုဒ်သစ် စကြရသည်။ စာပိုဒ်သည် ဆိုင်ရာအကြောင်းရင်းတူ ဝါကျများပင်ဖြစ်သည်။ သို့ရာတွင် စာပိုဒ်ပိုင်းဖွဲ့ရာ၌လည်း မှားယွင်းတတ်သည်။ အောက်တွင် စာပိုဒ်အဖွဲ့မှားပုံကိုဖော်ပြထားသည်။

**အမှား။** ကျွန်ုပ်တို့သည် သတ္တိကိုမွေးကြ၏၊ ရဲဆေးကိုတင်ကြ၏၊ ရှက်ဆေးကို ချေကြ၏၊ အားကိုတင်းကြ၏၊ စာကိုကျက်ကြ၏။

ဤလက်တွေ့အလုပ်များသည် စိတ်ကို လေ့ကျင့်ထူထောင်အားဖြည့်ပေးနေကြခြင်းပင်ဖြစ်သည်။ မြင်ဖန်များသော်ငယ်၏။ ကြွေးထူ မပူ၊ အပျင်းမွေးသော် ဆင်းရဲ၏ စသော စကားတို့ သည်လည်း စိတ်ကိုထပ်ကာထပ်ကာ အလေ့ထုံစေခြင်း၏အကျိုးကို ဖော်ပြ၏။ ဉာဏ်သည် စိတ်၏အစိတ်အပိုင်းပင်ဖြစ်၏။

ထို့ကြောင့် ဉာဏ်ကို အထပ်ထပ် အဆင့်ဆင့် သွန်းထုခြင်းဖြင့် ပုံသွင်းပြောင်းလဲနိုင်ကြောင်းမှာ ထင်ရှား၏။ လူများသည် ရှေးကလည်း ဉာဏ်ကိုထုတ်ခဲ့ညှစ်ခဲ့ကြ၏။

ယခုလည်း ဉာဏ်စေစား၍ နေကြပေသည်။ ဉာဏ်ကို ကျွန်ုပ်တို့ အမြဲတစေ အသုံးချ၍နေရမည်သာဖြစ်သည်။

ထို့ကြောင့် ဉာဏ်ရှင်၍ ဉာဏ်တံခွန်ထူနိုင်ရန်အတွက် ယုံကြည်စွာဖြင့် ဉာဏ်လေ့ကျင့်ခန်းများကို အားထုတ်ရပေမည်။

**မှားပုံ။** အကြောင်းအရာများသည် ဆိုင်ရာဆိုင်ရာ ဝါကျချင်း မစုဘဲ ရောထွေးစုပြုံနေသဖြင့် ဆိုင်ရာအပိုင်းအလိုက် အပိုင်းခွဲခြားရသည်။

(ဆက်လက်ဖော်ပြပါမည်)

**ဆရာကြီး လှသမိန်၏ “မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)” စာအုပ်မှ ကူးယူဖော်ပြပါသည်။**

## အောင်လံမြို့နယ်၌ မီးဘေးကာကွယ်ရေးစစ်ဆေး




**အောင်လံ မတ် ၉**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မြို့မစည်ပင်သာယာဈေး (မြနန္ဒာဈေး)တွင် မီးလောင်မှု/ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ဈေးပိတ်ချိန် လျှပ်စစ်ဝိုင်ယာကြိုး၊ မိန်းခလုတ်များ စစ်ဆေးခြင်း၊ မီးကြွင်းမီးကျန်များ မရှိစေရေး စစ်ဆေးခြင်းနှင့် မီးလောင်လွယ်သောပစ္စည်းများ စုပုံထားရှိမှု မရှိစေရေး၊ ကုန်ပစ္စည်းများအဆမတန် သိုလှောင်ထားရှိမှု မရှိစေရေးတို့အတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၈ ရက် ညနေပိုင်းတွင် စစ်ဆေးဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်း၊ စည်ပင်ဦးစီးအရာရှိ ဦးမျိုးဝင်းတို့က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ သန္ဓေ/ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ လျှပ်စစ်ဝန်ထမ်းများနှင့်ပူးပေါင်း၍ အောင်လံမြို့နယ်အတွင်းရှိ မြို့မဈေး(မြနန္ဒာဈေး)နှင့် အမှတ်(၂) ဈေးတို့တွင် စစ်ဆေးဆောင်ရွက်ခြင်းနှင့် မီးသတ်ယာဉ်များဖြင့် ဈေးမီးဘေးလုံခြုံရေး ဆောင်ရွက်မှုများကို နေ့စဉ်ကြပ်မတ်စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုခန့်**



## ဇလွန်မြို့နယ်မီးသတ်ဦးစီးဌာနက ဇလွန်ပြည်တော်ပြန်ဘုရားကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

**ဇလွန် မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ညောင်ပင်ရပ်ဈေးကွက်ရှိ ဇလွန်ပြည်တော်ပြန်ဘုရားကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ဇလွန်မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးရန်လင်းထွဋ် ဦးဆောင်၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်အင်ဂျင်နီယာ ဦးနိုင်ထွန်းဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့ဝင်များ၊ ပြည်တော်ပြန်မြတ်စွာဘုရားကြီးရုံးအဖွဲ့ အကျိုးတော်ဆောင်ဂေါပကအဖွဲ့ဝင်များနှင့်အတူ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စစ်ဆေးအကြံပြုခဲ့ကြောင်း သိရသည်။

**ဟိန်းကိုအောင်**

## အခြေခံအင်္ဂလိပ်စာသင်တန်း(အခမဲ့)ဖွင့်လှစ်

**ရန်ကုန် မတ် ၉**

ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အခြေခံအင်္ဂလိပ်စာ(အခမဲ့)သင်တန်းကို မတ် ၉ ရက်က ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခိုင်ဇာလင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး သင်တန်းဆရာ ဦးလှသိန်းက Grammar ဝေါဟာရများကို မတ် ၉ ရက်မှ ဧပြီ ၃ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**





## ညောင်ရွှေမြို့နယ်၌ ရုရှားနေကြာစိုက်ပျိုးထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ညောင်ရွှေ မတ် ၉**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာရှိ ပင်မြင့်စံငွေစုငွေချေး သမဝါယမအသင်းက ဆောင်းနေကြာရုရှားမျိုး စိုက်ပျိုးထားသည့်အခြေအနေများကို မတ် ၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက (သက်တန့်ရောင်စီမံကိန်း) ရုရှားနေကြာမျိုး စိုက်ပျိုးထားရှိသည့် အသင်းသားများအား အပင်၏ အသက်ရက်အလိုက် ကျွေးရမည့် အစာအာဟာရများ အချိုးကျအချိန်ကိုက်ကျွေးရန်၊ ပိုးမွှားရောဂါ မကျရောက်စေရေး လိုအပ်သည်များ ကြိုတင်ဆောင်ရွက်ရန်နှင့် ရာသီကုန်ချိန်တွင် သတ်မှတ်အထွက်နှုန်းရရှိရေး ဦးတည်ကြိုးပမ်း ကြပ်မတ်ဆောင်ရွက်သွားကြရန် ပေါင်းစပ်ညှိနှိုင်းမှာကြားခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

## ကလောမြို့၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြ



**ကလော မတ် ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့မဈေး၌ မတ် ၉ ရက် နံနက် ၉ နာရီခွဲတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် ဓာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းတို့ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဌာန၊ ဈေးကော်မတီနှင့် ဈေးတာဝန်ခံများပူးပေါင်း၍ ကလောမြို့မဈေးတွင် ဆိုင်ခန်းတစ်ခန်းချင်းစီကို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စားသောက်ဆိုင်များတွင် မိမိတို့အသုံးပြုသည့် မီးဖိုများကို မီးကြွင်း၊ မီးကျန်များ မရှိစေဘဲ စနစ်တကျသုံးစွဲရေး၊ လျှပ်စစ်မီးကြိုးများနှင့် မီးခလုတ်များအား စစ်ဆေးခြင်းတို့ကို ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍ ဌာနဆိုင်ရာများ ပါဝင်သည့် အဖွဲ့တို့သည် မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်နည်းတို့ကို ဓာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**

## ကံမမြို့နယ်အတွင်း မီးဘေးသတိမူရေး နှိုးဆော်ခြင်းများဆောင်ရွက်



**ကံမ မတ် ၉**

သရက်ခရိုင် မီးသတ်ဦးစီးဌာနမှူး၏ အနီးကပ်လမ်းညွှန်မှုဖြင့် ကံမမြို့နယ်အတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မတ်လအတွင်းကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် ကံမမြို့နယ်ပေါ် ရပ်ကွက်များအတွင်း လာရောက်တည်းခိုနေထိုင်သည့် စာဖြေကျောင်းသား ကျောင်းသူများ တည်းခိုနေထိုင်သည့်နေရာများသို့ ကံမမြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးသတိမူရေး နှိုးဆော်သတိပေးခြင်း၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ လေ့ကား၊ မီးသတ်ဆေးဘူးများ အသင့်ချိတ်ဆွဲထားရှိရန် စသည့် မီးဘေးသတိမူရေးဆိုင်ရာ အကြံပြုချက်များကို နှိုးဆော်သတိပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကောင်းစစ်နိုင်**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၅၁၊ မြေကွက်အမှတ်-၅၃၄၊ ဦးမောင်သွင် Q/RGN-004419 အမည်ပေါက် မြေချပါမစ်အမျိုးအစား(၄၀ပေx၆၀ပေ)ရှိ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်လတ် [၆/သရခ နိုင်)၀၂၃၉၀၀]မှ ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်များ ဖြစ်ပါသည်။ အဆိုပါမြေကွက်ပိုင်ဆိုင်မှု၊ မြေချပါမစ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်မူရင်းအား လက်ဝယ်ရှိသူမှ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ဖြစ်စေ လာရောက်အပ်နှံပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

အကယ်၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အဆိုပါ ပျောက်ဆုံးသွားသော မြေချပါမစ်မူရင်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းတို့ မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်မောင်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၃၁)**
**အမှတ်-၅၀၊ ပထမထပ်(E-14)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၃၀၇၄၃၄၆၊ ၀၉-၄၂၀၅၅၅၀၅၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၃)၊ စက်မှုလယ်ယာ(၁)လမ်း၊ မြေကွက်အမှတ်((၁၂၄)၊ ဦးမောင်ပန် (MYG-004225) ပါမစ်မူရင်းအမည်ပေါက် (၄၀x၆၀)ပေရှိ မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော(၂၀x၆၀)ပေ၏ နေအိမ်အပါအဝင် ယင်းနေအိမ်၌ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့် မြေကွက်၏မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်းနှင့် အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြု၍ အပြီးအပိုင် ရောင်းချသူ ဦးဖြူထွန်းအောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်ဝင်းမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ်-၁၃၂၃၊ ဧရိယာ(၀.၀၅၅)ကေ၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၃၂၃)၊ မင်္ဂလာသုခ(၁) လမ်း၊ ၄၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးမျိုးလွင် (AB- ၀၅၂၇၂၇) [၁၂/မဂတ(နိုင်)၀၂၁၉၆၄]အမည်ပေါက်လျက်ရှိပြီး မိခင်၊ ဖခင်တို့ ကွယ်လွန်သဖြင့် တရားဝင်ဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်သည့် (၁) ဒေါ်စန္ဒာလွင်[၁၀/မလမ(နိုင်)၀၈၆၇၅၂]၊ (၂) ဒေါ်စန်းစန်းတင့် [၁၂/မဂတ(နိုင်)၀၂၁၉၆၂]၊ (၃) ဦးဇော်ဝင်းလွင် [၁၂/မဂတ(နိုင်)၀၂၁၉၄၇]၊ (၄) ဦးထွန်းဝင်းလွင်[၁၂/မဂတ(နိုင်) ၀၂၁၃၉၀]တို့က ပူးတွဲဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ် ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**
**အမှတ် (၃၃/၄၉)၊ Strand Condo, အခန်းအမှတ်-၄၀၂၊ (၄-လွှာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂) ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၄၉၊ မြေကွက်အမှတ်-၇၅၆၊ ဒေါက်တာထွန်းထွန်းအောင် CD-050801 အမည်ပေါက် မြေချပါမစ်အမျိုးအစား (၄၀ x ၆၀)ပေ မြေကွက်နှင့် ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၆၊ မြေကွက်အမှတ်-၈၆၇၊ ဦးသန်းလှိုင် [၁၂/မဘန(နိုင်)၀၂၀၃၄၉]အမည်ပေါက် မြေချ ပါမစ်အမျိုးအစား (၄၀x၆၀)ပေမြေကွက်များအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်အောင်မြင့် [၁၂/အလန(နိုင်)၀၃၀၄၅၅]မှ ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက် များဖြစ်ပါသည်။ အဆိုပါမြေကွက်ပိုင်ဆိုင်မှု၊ မြေချပါမစ်မူရင်းများမှာ ပျောက်ဆုံး သွားပါသဖြင့် မြေချပါမစ်မူရင်းများအား လက်ဝယ်ရှိသူမှ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ ဖြစ်စေ လာရောက်အပ်နှံပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

အကယ်၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အဆိုပါပျောက်ဆုံးသွားသော မြေချပါမစ်မူရင်းများအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ကျူးကျော်ဝင် ရောက်ခြင်းတို့ မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်မောင်အေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၃၁)**
**အမှတ်-၅၀၊ ပထမထပ်(E-14)ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၇၄၃၄၆၊ ၀၉-၄၂၀၅၅၅၀၅၆**

## ပြင်ဆင်မှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၄၂၂

ဒေါ်နီနီလှိုင် နှင့် ၁။ ဒေါ်သင်းသင်းဝေ
၂။ ဒေါ်နီမာလွင်

**(လျှောက်ထားသူ)** **(လျှောက်ထားခံရသူများ)**

၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက်စွဲပါ ဒဂုံမြို့သစ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၅၄/၂၀၂၄ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇) ရပ်ကွက်၊သရဖီလမ်း၊အမှတ်(၇၅၀/ဘီ)နေ လျှောက်ထားခံရသူအမှတ်(၁) ဒေါ်သင်းသင်းဝေနှင့် လျှောက်ထားခံရသူ အမှတ်(၂) ဒေါ်နီမာလွင် (ယခု နေရပ်လိပ်စာမသိသူတို့) သိစေရမည်။

ယခုအမှုတွင် ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်မှချမှတ်သည့် အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၆ ခုနှစ်၊ မတ်လ (၃၀)ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေ ဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင် ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၄)ရက်နေ့တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၄)ရပ်ကွက်၊ အမှတ်(၃၁၇)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)အကျယ်ရှိ ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်မချူပြုံး (L/RGN-036012) (ဘ) ဦးသိန်းထွေးအမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်မှစတင်၍ အရောင်းအဝယ်ဆက်စပ်စာချုပ် များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော ဒေါ်ဝင်းမာ [၁၄/မအန(နိုင်)၀၁၄၈၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက (၄-၅-၂၀၂၅) ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူ၍ အဆိုပါမြေကွက်အား လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ယခုအချိန်တွင် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းသာလျှင် တရားဝင် အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၈၉၄)**
**တိုက်အမှတ်(၉)၊ ပထမထပ်၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ်(၂၉၂/ခ)ရှိ အကျယ်အဝန်း(၁၀x၆၀)ပေ၊ ပါမစ်မြေအမျိုးအစား အမည်ပေါက် ဦးတင်မောင်ဖြင့်ရှိပြီး အရပ်စာချုပ်အဆက် အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားရှိသူ ဒေါ်ဝင်းဥမ္မာ [၇/ပမန(နိုင်)၁၈၇၇၂၆] မှ ရောင်းချရာ၌ ဒေါ်လှစိန် [၁၂/သဃက(နိုင်)၂၂၁၁၄၇]မှ ဝယ်ယူရန် သဘောတူ၍ (၂၀-၂-၂၀၂၆)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှစိန်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိလတ်ဖြိုး**
**အထက်တန်းရှေ့နေ (စဉ်-၃၀၈၀၇)**
**၀၉-၄၃၀၇၃၃၁၈၊ ၀၉-၇၈၅၀၁၁၁၅၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၆/မြို့မရပ်)၊ မြေဧရိယာ (၀.၁၁၀)ရှိ မြေကွက်အမှတ် (ပ-၂၁၉၄၁)ကို အမည်ပေါက် ဦးအောင်နိုင်(ဘ)ဦးသန်းလွင်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် [၁၂/သကတ(နိုင်)၀၉၇၈၁၀]မှ ဒေါ်ယဉ်စန်းစန်း (ဘ) ဦးယဉ်အောင်လွေ နိုင်ငံသားစိစစ်ရေးကတ်အပြား အမှတ် [၉/ပမန(ဧည့်)၀၀၀၁၂၃] နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေ ဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီ များ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါ ရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်သူမရှိ ပါက ဌာန၏ လုပ်ထုံးလုပ်နည်းများ နှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက် ထားလာမှုအား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ကျောက်တန်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (သီလဝါစက်မှုဇုန်)၊ မြေကွက်အမှတ်(၁၂၁)၊ ဧရိယာ အကျယ်အဝန်း အလျား(၄၀၀.၆)၊ အနံ(၁၉၉.၆)၊ (၁.၈၃၄)ကေ၊ (၇၉၉၀၀) စတုရန်းပေကျယ်ဝန်းသော စက်မှုဇုန်ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပတ်သက်ဆက်နွှယ်လျက်ရှိသော အကျိုးခံစား ခွင့် အရပ်ရပ်အားလုံး၏ တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြတ်သူ(ဘ) ဦးအိုက်ထွန်း [၉/မနမ(နိုင် ၁၂၃၆၃၇]ထံမှ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင် သည် အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေမိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၀၇)**
**ကွန်ဒို(ဘီ)၊ အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၆၉၅၁၀၂၉၃၀၊ ၀၉-၇၉၅၇၃၀၉၅၁**

## "ပြင်ဆင်ဖတ်ရှုပါရန်"

(၅-၃-၂၀၂၆)ရက်၊ ကြေးမုံသတင်းစာ၊စာမျက်နှာ-၂၃ ပါ တရားလွှတ်တော် ရှေ့နေ ဒေါ်နုနုလှိုင်၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၀)၊ နောင်ချိုလမ်း၊ မြေကွက်အမှတ်(၉၀၇)မြေကွက်ကို တရားဝင် ဂရန်ခွဲစိတ်ထားသော ခေါင်းရင်းခြမ်း အလျား(၂၀)ပေxအနံ(၆၀)ပေအစား ခေါင်းရင်းခြမ်းနေရာတွင် ခြေရင်းခြမ်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## "ဒေါ်မြင့်နှင့် သက်ဆိုင်သူများ သိရှိနိုင်ရန်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၉၊ လှော်ကားလမ်း၊ မြေကွက်အမှတ်-၄၄၆၊ အလျား (၄၀)ပေ x အနံ (၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်အား အမည်ပေါက်ဖြစ်သူ ဒေါ်မြင့်[၁၂/ဗဟန (နိုင်)၀၆၆၉၀]ထံမှ ဦးဝင်းလွင် [၁၀/ပမန(နိုင်)၀၈၆၈၀၂]က ဝယ်ယူထားပြီး လက်ရောက်ပိုင်ဆိုင်သည်မှာ ယနေ့ထက်တိုင်ဖြစ်ပါသည်။ အဆိုပါဝယ်ယူထား သော အိမ်ခြံမြေနှင့်ပတ်သက်၍ အမည်ပေါက်ပိုင်ဆိုင်မှုအတွက် သက်ဆိုင်ရာရုံးဌာန အသီးသီးတွင် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးခြင်းနှင့် မှတ်ပုံတင်စာချုပ် ချုပ်ဆို ပေးပါရန် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ပေး ပါရန်နှင့် (၇)ရက်ပြည့်မြောက်သည်အထိတိုင် ဆက်သွယ်ဆောင်ရွက်ပေးခြင်း မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိသွယ်ငြိမ်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၃၁၇)**
**အမှတ် (၅၁)၊ ဒုတိယထပ်(ဘယ်)၊ ၃၈-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၃၅၃၃၉၉၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့ သစ်ဧရိယာအတွင်း ပြန်လည်နေရာချထားသည့် (RA) (RA-2)၊ အကွက်အမှတ် (တ-၀၂)၊ မြေကွက်အမှတ်(၂၅၆၀) အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဦးမြင့်ဝင်း အမည်ပေါက် ရန်ကုန်မြို့သစ်စီမံကိန်းအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုယခုရောင်းချသူ ဦးချွန်ဟော့ [၁၃/လရန (နိုင်)၀၅၄၃၀၄]မှ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်သန်းသန်းအေး** | **ဒေါ်ဖွန့်မေဒေး (LL.B)** |
| **[၁၃/တကန(နိုင်)၀၀၄၁၆၆]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)** |
| | **အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉-၄၂၀၂၄၄၃၁၆** |

## လုပ်ငန်းတံဆိပ်အမည်အမှတ်အသားအား မိမိ၏မူပိုင်အဖြစ် မှတ်ပုံတင်မြွက်ဟကြေညာထားပြီး ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ ရတနာသိင်္ဂီလမ်း၊ စက်မှုဇုန်(၇)၊ အမှတ်(၁၁၁)နေ ဒေါ်စုနွယ်ဖေ (ဘ)ဦးသိန်းနိုင်ဖေ [၉/မရမ(နိုင်)၀၀၂၄၁၄]မှ အောက်ဖော်ပြပါကုန်အမှတ် တံဆိပ်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် “GOOD BOY” အမှတ်တံဆိပ်ကို စာချုပ်အမှတ်(၄/၁၃၇၃/၂၀၂၆ )ဖြင့် မှတ်ပုံတင်မြွက်ဟကြေညာထားပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည် -

အထက်ဖော်ပြပါ “GOOD BOY ” ကုန်အမှတ်တံဆိပ်အမှတ်အသားကို မိမိ၏မူပိုင်အဖြစ်အသုံးပြု၍ “ပဲကြော်စုံ” တို့ကို ပြည်တွင်း၊ ပြည်ပတွင် ဖြန့်ချိရောင်းချလျက်ရှိပါသည်။ အဆိုပါကုန်ပစ္စည်းအမှတ်တံဆိပ်ကို အသုံး ပြု၍ ကုန်အမှတ်တံဆိပ်အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ပုံသဏ္ဌာန် အမျိုးမျိုးပေါ်တွင် ဖောင်းကြွစာလုံးဖြင့်လည်းကောင်း၊ ဖိနှိပ်၍၊ ပုံနှိပ်၍ အသား တံဆိပ်ပြုလုပ်၍ စာရွက်စာတမ်း၊ လက်ကမ်းစာစောင်၊ ကြော်ငြာဆိုင်းဘုတ်၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ ဘလောက်တုံး၊ တံဆိပ်တုံး၊ ငွေလက်ခံဖြတ်ပိုင်း စသည်များတွင် ဖော်ပြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မိမိ၏မူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါကုန် အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့မှတစ်ပါး လူပုဂ္ဂိုလ်တစ်ဦးဦးက ဖြစ်စေ၊ အများကဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ အရောင်အသွေး ဆင်တူယိုးမှား၊ အမည် ယိုးမှား၊ သံတူကြောင်းကွဲ၊ အတုအပ ပြုလုပ်သုံးစွဲနေသူများကို တွေ့မြင်ကြား သိရပါက လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုမှ ကုန်ကျသမျှသော အရပ်ရပ်စရိတ်ကြေးငွေများအတွက် လျော်ကြေးငွေများ တောင်းဆိုသွားရန် နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးရီ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၇၃)**
**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁A)၊ ဒုတိယထပ်၊**
**၃၆-လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့ သစ်ဧရိယာအတွင်း ပြန်လည်နေရာချထားသည့် (RA) (RA-2)၊ အကွက်အမှတ် (တ-၀၂)၊ မြေကွက်အမှတ်(၂၅၆၁) အကျယ်အဝန်း (၄၀ပေ၆၀ပေ)ရှိ ဦးမြင့်ဝင်း အမည်ပေါက် ရန်ကုန်မြို့သစ်စီမံကိန်းအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုယခုရောင်းချသူ ဦးချွန်ဟော့ [၁၃/လရန (နိုင်)၀၅၄၃၀၄]မှ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်သန်းသန်းအေး** | **ဒေါ်ဖွန့်မေဒေး (LL.B)** |
| **[၁၃/တကန(နိုင်)၀၀၄၁၆၆]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)** |
| | **အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊** |
| | **ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၂၄၄၃၁၆** |

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

